ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ စနေနေ့ (7-1-2012) (၆၉၉၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြု

နေပြည်တော် ဇန်နဝါရီ ၆

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ်(၂/၂၀၁၂)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၂/၂၀၁၂)

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

ပြည်ထောင်စုဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

ပြည်ထောင်စုဝန်ကြီးရာထူးမှ ကျန်းမာရေးအခြေအနေအရ နုတ်ထွက်ခွင့်ပြုရန် တင်ပြလာသည့် သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်စွာခိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၅၊ ပုဒ်မခွဲ(ခ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ (က)တို့အရ မိမိသဘောဆန္ဒအလျောက် ပြည်ထောင်စုဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိုင်းဒေသကြီးဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခွင့်ပြု

နေပြည်တော် ဇန်နဝါရီ ၆

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ်(၃/၂၀၁၂)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၃/၂၀၁၂)

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

တိုင်းဒေသကြီးဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

တိုင်းဒေသကြီးဝန်ကြီးချုပ်ရာထူးမှ ကျန်းမာရေးအခြေအနေအရ နုတ်ထွက်ခွင့်ပြုရန် တင်ပြလာသည့် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ (က)တို့အရ မိမိသဘောဆန္ဒအလျောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



လက်ခံတွေ့ဆုံ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ် General Vijay Kumar Singh, PVSM, AVSM, YSM, ADC ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၆

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ် General Vijay Kumar Singh, PVSM, AVSM, YSM, ADC ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးပြီးဖြစ်သည့် အိမ်နီးချင်းမိတ်ဆွေနိုင်ငံများဖြစ်ကြောင်း၊ အဆွေတော်၏ ခရီးစဉ်သည် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး၊ နယ်စပ်တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်နိုင်ငံတပ်မတော်အားကစားအဖွဲ့များ အပြန်အလှန်စေလွှတ်နိုင်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် တောင်အာရှနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများအား ပေါင်းကူးတံတားအဖြစ်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

ကြေးမုံစာတည်းရှုထောင့် ၇-၁-၂၀၁၂ [စနေနေ့]။

အနီးဆုံးအနာဂတ်၏ စိန်ခေါ်မှုများ

၂၀၁၂ ဟူသော ကမ္ဘာသုံးပြက္ခဒိန်နှစ်တစ်ခု၏ နိဒါန်းကိုဖွင့်လှစ်ခဲ့ပြီ။

နှစ်သစ်၏ ကမ္ဘာ့မြင်ကွင်းကျယ်ကို လှမ်းမျှော်ကြည့်လျှင် တင်းမာမှုများ၊ ပဋိပက္ခများနှင့် မီးကုန်ယမ်းကုန်ဆူညံလှုပ်ရှားမှုများ အခိုက်အတန့်တွင် လျော့နည်းနေသယောင် မြင်ရသည်။ သို့ရာတွင် ကမ္ဘာတစ်ခွင်ရှိ နိုင်ငံကြီးနိုင်ငံငယ်ဟူသမျှတို့က မိမိတို့၏ အမျိုးသားအကျိုးစီးပွားဟူသော ဦးတည်ချက်ကိုယ်စီဖြင့် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် ဇာတ်ရုပ်အမျိုးမျိုးနှင့် ပါဝင်လှုပ်ရှားနေကြပုံများမှာမူ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံ၏ နောက်ခံကားမှာလည်း ယခင်နှင့်မတူဘဲ ပြောင်းလဲလာခဲ့ပြီဖြစ်သည်။

ကမ္ဘာတစ်ခွင် ဖွံ့ဖြိုးတိုးတက်မှုများ၏ မောင်းနှင်အားမှာ အစဉ်အလာဖြစ်သော အနောက်မှ ဖယ်ကြဉ်လာကာ အာရှနှင့်တောင်အမေရိကဒေသများသို့ ပြောင်းရွှေ့လာသည်။ ကမ္ဘာလုံးဆိုင်ရာ ပါဝါကိုကိုင်ထားနိုင်သူတို့ကမူ အရှေ့ကို မျှော်ကြည့်လာသည်။ တစ်ချိန်က hard power ကို စွဲစွဲမြဲမြဲကိုင်ထားသူက smart power ကို ပြောင်းလဲစွဲကိုင်လာပြီဟုယူဆရသကဲ့သို့ တစ်ချိန်လုံး soft power ကိုကျင့်သုံးကာ တတိယနိုင်ငံများနှင့် ပလဲနံပသင့်နေခဲ့သူကလည်း လိုအပ်လျှင် smart power ကိုပင် ကိုင်စွဲမည့်အရိပ်အယောင်များ မြင်လာရသည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံကြီးငယ်အားလုံးတို့၏ ဆွေးနွေးမှုများ၊ ငြင်းခုံမှုများ၊ တောင်းဆိုမှုများ၊ သင်းပင်းစုဖွဲ့မှုများ၊ လက်ရုံးလက်မောင်းဆန့်တန်းများမှုဟူသမျှတို့မှာ ဆိုင်ရာနိုင်ငံများ၏ အမျိုးသားအကျိုးစီးပွားသို့သာ ဦးတည်သည်။

အစိုးရသစ်လက်ထက်တွင် ကမ္ဘာ့မိသားစုအဝန်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ရောက်လာကာ ကမ္ဘာ့ရေးရာများနှင့် နီးကပ်လာနေခဲ့ပြီဖြစ်သော မိမိတို့မြန်မာနိုင်ငံအနေဖြင့်မူ ကမ္ဘာ့ပါဝါနိုင်ငံကြီးများ၏ အာရုံအရွှေ့အပြောင်း၊ ဒေသတွင်းရှိနိုင်ငံအစုအဖွဲ့များ၊ အိမ်နီးချင်းနိုင်ငံများနှင့် ယှက်နွယ်ဆက်ဆံမှုများမှတစ်ဆင့် အမျိုးသားအကျိုးစီးပွားခိုင်မာစွာ တိုးတက်ဖြစ်ထွန်းမည့် အခွင့်အလမ်းများကို ရှာဖွေရယူသွားရမည်ဖြစ်သည်။ လက်တွေ့အားဖြင့် ဆောင်ရွက်နေမှုများကိုလည်း တွေ့မြင်နေရပြီ ဖြစ်သည်။

စနစ်သစ်တစ်ရပ်ကို အခြေခိုင်မာအောင်ထူထောင်ကာ နိုင်ငံသစ်တည်ဆောက်နေရသည့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် အနီးဆုံးအနာဂတ်မှာပင် မဖြစ်မနေဖြေရှင်းရမည့် စိန်ခေါ်မှုများက အသင့်စောင့်ကြိုနေသည်။ အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် အကျေအလည်ဆွေးနွေးညှိနှိုင်းပြီး ထာဝရငြိမ်းချမ်းရေးရယူရေး၊ နိုင်ငံတော်သစ် တည်ဆောက်ရေးအသိုက်အဝန်းအတွင်း အပြုသဘောဆောင်ကာ အားလုံးပါဝင်လာရေး၊ အမျိုးသားစီးပွားရေးဘဝ ရေရှည်ခိုင်မာတောင့်တင်းရေးနှင့် နိုင်ငံခေတ်မီဖွံ့ဖြိုးရေး အစီအမံများကို ဆက်လက်ဖော်ဆောင်ရေး၊ သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးကို ပြည်သူများအကြားမှာပါ ထင်သာမြင်သာရှိလာအောင် ဖော်ဆောင်သွားရေး စသည်တို့မှာ လက်ငင်းဆောင်ရွက်နေရသည့် ကိစ္စများဖြစ်သည်။ ဒီမိုကရေစီ တစ်နှစ်မပြည့်သေးသည့် နိုင်ငံတစ်ခုအနေဖြင့် ဖြေရှင်းဆောင်ရွက်ရမည့် အရေးအရာကိစ္စများမှာ ကြီးမားကျယ်ပြန့်သလောက် ရှုပ်ထွေးများပြားလှသည်ဟု ဆိုရမည်ဖြစ်သည်။

ဒီမိုကရေစီသက်တမ်း နှစ်ပေါင်းရာချီသော၊ လေးငါးခြောက်ဆယ်ရှိသော နိုင်ငံများမှ အစိုးရများ၊ ပြည်သူများ၊ ၎င်းတို့၏ လုပ်နည်းလုပ်ဟန်များနှင့် နှိုင်းယှဉ်၍ မရနိုင်သေးသည်မှာတော့ သေချာသည်။ မည်သို့ပင်ဆိုစေကာမူ လပိုင်းမျှသာရှိသေးသော သက်တမ်းအတွင်း ပေါက်ရောက်ရှင်သန်လာသည့် ဒီမိုကရေစီအပင်ပေါက် အညွန့်အညှောက်ကလေးကမူ အားကောင်းမောင်းသန်ဖွံ့ထွားလာဦးမည့် ပုံသဏ္ဌာန်များကို ထင်ထင်ရှားရှား ပြနေသည်။ အမြစ်များမြေထဲစွဲကာ သန်မာလာရေး၊ အခက်အလက်များ ဝေဝေဆာဆာဖြင့် ကြီးပြင်းလာရေးအတွက် ရေလောင်း၊ ပေါင်းသင်၊ မြေတောင်မြှောက်၊ မြေဩဇာကျွေးသည့် အလုပ်ကို အမိမြေပေါ်မှာ မှီတင်းနေထိုင်သူအားလုံးက ဝိုင်းဝန်းလုပ်ဆောင်ကြရပေဦးမည်။

မိမိတို့သည် ဗြဟ္မစိုရ်တရားထွန်းကားသည့် မြန်မာ့မြေပေါ်တွင် မွေးဖွားလာကြသူများဖြစ်သည်။ ဘိုးဘွားမိဘတို့ စိုက်ခဲ့ပျိုးခဲ့သော သစ်ပင်များမှ သစ်သီးဝလံတို့ကို စားနေသူများ၊ စားဖူးခဲ့ကြသူများဖြစ်သည်။ဘိုးဘွားမိဘတို့ စိုက်ခဲ့ပျိုးခဲ့သော သစ်ရိပ်ဝါးရိပ်တို့မှာ နားနေဖူးသူ၊ ခိုလှုံ ချွေးသိပ်ဖူးသူများလည်းဖြစ်ကြသည်။ ရှေးလူတို့ပြုခဲ့သည့် ကုသိုလ်အမှုတို့ကို နှောင်းလူတို့ကခံစားကြရင်း ကျေးဇူးတရားတို့ကို အကြိမ်ကြိမ်အခါခါ ဦးညွှတ်ကြရသည်။

"သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းနား" ဆိုသကဲ့သို့ နှောင်းတစ်ခေတ်တွင် ဒီမိုကရေစီသစ်ပင်ကြီး ရှင်သန်ထွန်းကားရေးအတွက် အစပျိုးကာလတွင် စိုက်ကြပျိုးကြရသူတို့ကို ဘဝပေးကုသိုလ်ဟု ခံယူနားလည်ကြရပေမည်။ ॥

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံများမှနိုင်ငံအကြီးအကဲများက သဝဏ်လွှာများ ပေးပို့

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ လည်းကောင်း၊ ဒုတိယသမ္မတများနှင့် နိုင်ငံခြားရေးဝန်ကြီးထံသို့ လည်းကောင်း နိုင်ငံတကာမှ နိုင်ငံအကြီးအကဲများနှင့် ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

ဗီယက်နမ်နိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ထရွန်တန်စန်းထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ဗီယက်နမ်ပြည်သူများနှင့် အစိုးရအဖွဲ့ကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

မကြာသေးမီနှစ်များအတွင်း မြန်မာနိုင်ငံ၌ ရရှိခဲ့ပြီးဖြစ်သော အောင်မြင်မှုများအတွက် မြန်မာပြည်သူတစ်ရပ်လုံးကို မိမိဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အဆွေတော်သမ္မတကြီး၏ ဦးဆောင်မှုဖြင့် နိုင်ငံတည်ဆောက်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံအနေဖြင့် ပိုမိုအောင်မြင်လာမည်ဟု မိမိယုံကြည်ပါကြောင်း ဗီယက်နမ်သမ္မတ၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား အစဉ်အဆက်တည်ရှိပြီးဖြစ်သည့် ဆက်ဆံရေးများသည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် ဒေသတွင်းနှင့် ကမ္ဘာတစ်ခွင် ငြိမ်းချမ်းရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် အကျိုးဖြစ်ထွန်းလိမ့်မည်ဟု မိမိယုံကြည်ကြောင်း ဗီယက်နမ်သမ္မတ မစ္စတာ ထရွန်တန်စန်း၏ သဝဏ်လွှာ၌ ဖော်ပြထားသည်။

အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းကလည်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော်သဘာပတိအဖွဲ့ ဥက္ကဋ္ဌ မစ္စတာ ကင်ယုံနမ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယ၌ မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

— — — — — — — — — —

အစ္စရေးနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အစ္စရေးနိုင်ငံသမ္မတ ရှီမွန်ပီရက်စ်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယ၌ အစ္စရေးပြည်သူများနှင့် အစိုးရအဖွဲ့ကိုယ်စား မိမိဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

— — — — — — — — — —

အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဖန်ဘင်မင်းကလည်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွံ့ဖြိုးကြွယ်ဝ၍ အဆွေတော်သမ္မတကြီးလည်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစေရန် မိမိဆုမွန်တောင်းပါကြောင်း အစ္စရေးသမ္မတ ရှီမွန်ပီရက်စ်၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အနာဂတ်၌ အောင်မြင်ရေးအတွက် မိမိဆုမွန်တောင်းအပ်ပါကြောင်း၊ နှစ်နိုင်ငံပြည်သူများ၏ ဆန္ဒနှင့်ဘုံအကျိုးစီးပွားအလို့ငှာ မြန်မာနိုင်ငံနှင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ အနာဂတ်၌ ဆက်လက်ဖွံ့ဖြိုးလာစေရန် မိမိဆန္ဒပြုကြောင်း ဗဟိုပြည်သူ့လွှတ်တော် သဘာပတိအဖွဲ့ ဥက္ကဋ္ဌ မစ္စတာ ကင်ယုံနမ်၏ သဝဏ်လွှာ၌ ဖော်ပြထားသည်။

— — — — — —

ကျူးဘားနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ကျူးဘားနိုင်ငံသမ္မတ မစ္စတာရာအူးကတ်စထရိုရုဇ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယ၌ မိမိဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ကျူးဘားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်စေရေးအတွက် မိမိအနေဖြင့် မြန်မာနိုင်ငံ၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ထပ်လောင်းအတည်ပြုပါကြောင်း ကျူးဘားနိုင်ငံသမ္မတ မစ္စတာ ရာအူးကတ်စထရိုရုဇ်၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၆ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၆၉၅၀	၀. ၀၃၁၅၅
တရုတ် (ယွမ်)	၆. ၃၀၆၅၀	၀. ၁၅၈၅၇
အိန္ဒိယ (ရူပီး)	၅၂. ၇၂၂၅	၀. ၀၁၈၉၇
မလေးရှား (ရင်းဂစ်)	၃. ၁၄၆၀၀	၀. ၃၁၇၈၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၉၃၀၀	၀. ၇၇၃၃၉
ဂျပန် (ယန်း)	၇၇. ၁၀၂၀	၀. ၀၁၂၉၇
တောင်ကိုရီးယား(ဝမ်)	၁၁၅၇. ၈၀	၀. ၀၀၀၈၆
ယူရို	၀. ၇၈၁၃၇	၁. ၂၇၉၈၀
ဗြိတိသျှ (ပေါင်)	၀. ၆၄၅၆၂	၁. ၅၄၈၉၁

အင်တာနက်။

ဇန်နဝါရီ ၈ ရက်တွင် ကျင်းပမည့် သန်လျင် အထက(၁)၏ (၂၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲအတွက် ကျောင်းသားဟောင်း ဦးအောင်သန်းဦး-ဒေါ်အေးအေးမြင့် (ပင်လယ်ကိုးသွယ်ရောင်းဝယ်ရေးကုမ္ပဏီ) မိသားစုက အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းစဉ်။ (၅၂၇)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၁-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာ့ရှုခင်း
၇း၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို
၈း၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၁၀ ၁။ နိုင်ငံတော်သီချင်း
၁၁း၁၅ ၂။ အဖွင့်သီချင်း
၁၁း၂၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ(အပိုင်း-၁၉)
၁၂း၀၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -နှင်းဆီစီးချင်း (မြင့်မြတ်၊ မိုးပြည့်ပြည့်မောင်၊ နဝရတ်နှင့်သရုပ်ဆောင်များ) (ဒါရိုက်တာ-ဝိုင်း)**
၂း၀၀ ၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၄၈)**

ညပိုင်း

၄း၀၃ ၁။ နိုင်ငံတော်သီချင်း
၄း၀၆ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၀ ၆။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၅၀ ၇။ ကုန်သွယ်သုတ
၅း၀၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ ၉။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ စားဖိုဆောင်ချစ်သူ
၆း၄၀ ၁၃။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သစ္စာစေတမာန် (အပိုင်း-၃)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ လူ့ရွှင်တော်စတား
၂၀။ လျှပ်တစ်ပြက်
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၂၈)**
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၁၁၀)**

လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၆

မြိတ်မြို့ သံသရာအေးဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော်ကြီးမှူး၍ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် ညနေပိုင်းတွင် အဆိုပါ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပခဲ့ကြောင်းနှင့် ဘောလုံးပြိုင်ပွဲတွင် ပထမရရှိသည့်အသင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက တံခွန်စိုက်ဆုဖလား ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✳ ရှေ့ဖုံးမှ

ဆောင်ရွက်ပေးနိုင်သည့် နိုင်ငံဖြစ်ကြောင်း၊ ၎င်းအပြင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ညှိနှိုင်းဆောင်ရွက်ရေးကိစ္စရပ်များကိုလည်း ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ်က မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ယဉ်ကျေးမှုတူညီပြီး တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုသာမက နိုင်ငံအချင်းချင်းလည်း ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုများ ရှိကြောင်း၊ မြန်မာနိုင်ငံအား ဆန့်ကျင်နေသည့် မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းမဆို အားပေးထောက်ခံမှုမပြုကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ဒေသကိစ္စရပ်များ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေး၊ ညှိနှိုင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ တက်ရောက်ကြပြီး အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့်အတူ Major General SK Gadeock၊ ကိုယ်စားလှယ်အဖွဲ့ဝင်အရာရှိကြီးများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယစစ်သံမှူးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H. E. Ms. Bronte Moules လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား ဩစတြေးလျနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၆

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H. E. Ms. Bronte Moules သည် ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ အခန်းကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံရာတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မင်းအောင်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမီမီသက်သွင်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ရှိ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၈ ရက်အထိ ကိုးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

"နှစ်စဉ် မြန်မာရက်/လကို မူသေသတ်မှတ်ထားပြီး ကျင်းပတာဖြစ်ပါတယ်၊ ပွဲတော်ကြီးမှာ ပြသရောင်းချမယ့် ဆိုင်ခန်း (ကြီး/လတ်/သေး) အားလုံးပေါင်း ၂၀၀၀ ကျော်ပါဝင်မှာဖြစ်ပါတယ်၊ လူဟောင်းဦးစားပေးစနစ်နဲ့ ရောင်းချမှာဖြစ်ပြီး ငွေပေးသွင်းမှုပျက်ကွက်တဲ့ဆိုင်ခန်းကို ပွဲတော်မစတင်မီ လေလံပစ်သွားမှာဖြစ်ပါတယ်၊ ဆိုင်ခန်းအများဆုံးကတော့ အညာဒေသအသီးသီးက လာရောက်ရောင်းချတဲ့ သနပ်ခါးဆိုင်ခန်းပေါင်း ၁၀၀ ကျော် ပါဝင်ပါတယ်"ဟု ဂေါပကအဖွဲ့ဝင် ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဝင်းက ပြောသည်။

ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် မိုးမင်း၊ စွမ်းဇာနည်၊ ဟန်ဇာမိုးဝင်းနှင့် ဖိုးချစ်ဇာတ်သဘင်တို့အပြင် ရုပ်ရှင်၊ ဆပ်ကပ်၊ တုတ်ထိုးရုပ်စုံနှင့် မျက်လှည့်ပြပွဲများလည်း ပါဝင်မည်ဖြစ်ပြီး ရုပ်သေးနှင့် ရိုးရာခြင်းအလှခတ်ပွဲများကို ဗလာပွဲအနေဖြင့် ကြည့်ရှုကြရမည်ဖြစ်သည်။

ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီတစ်ခုနှင့် အထောက်အကူပြု ကော်မတီ ၁၄ ခုတို့ဖြင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဝန်ကြီးဌာနများ၏ ထုတ်ကုန်ပစ္စည်း အရောင်းပြခန်းများလည်း ပါဝင်ပြသရောင်းချမည်ဖြစ်ရာ ဘုရားလည်းဖူးရင်း လူသုံးကုန်ပစ္စည်းများပါ ဝယ်ယူရရှိနိုင်မည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးသို့ တစ်ခါတစ်ခေါက် အရောက်လှမ်းခဲ့ပါရန် သတင်းကောင်းပါးရင်း ဖိတ်ခေါ်လိုက်ရပါသည်။ ။

သတင်းမှတ်စု
အောင်ကျော်ဦး(ကြေးမုံ)

အကောက်ခွန်ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၆

(၂၁)ကြိမ်မြောက် အကောက်ခွန်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်း ၃၉ ဦးတို့သည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)သို့ သွားရောက်၍ စုပေါင်းသွေးလှူဒါန်းကြပြီး ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ သွေးအိတ်နှင့် ခါတ်ခွဲခန်းသုံးပစ္စည်းများကို လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

သင့်
သွေး
ဖြင့်
အ
သက်
ကယ်
ပါ

စိန်ဂေဟာမိသားစု စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၆

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စိန်ဂေဟာမိသားစုနှင့် Customer များ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီခွဲအထိ လသာမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ဗဟိုအမျိုးသားသွေးဌာနတွင် ပြုလုပ်ခဲ့သည်။ **(ဝဲပုံ)**

စိန်ဂေဟာမိသားစုသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ စသော လူမှုရေးဆိုင်ရာလုပ်ငန်းများကို ပြုလုပ်သွားမည့် ရည်ရွယ်ချက်အတိုင်း ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် လှော်ကားသဘာဝဘေးမဲ့ဥယျာဉ်တွင် ကျွန်းပျိုးပင် ၁၀၀၀ ကျော် စိုက်ပျိုးခြင်း၊ အောက်တိုဘာလတွင် ပရဟိတကျောင်းများသို့ အလှူငွေများ ပေးအပ်ခြင်းများ ပြုလုပ်ခဲ့ပြီး ယခုသွေးလှူဒါန်းပွဲသည် ပထမအကြိမ် ပြုလုပ်ခြင်းဖြစ်သည်။

နောက်ပိုင်းတွင်လည်း စိန်ဂေဟာမှ Customer များနှင့်အတူ သက်ကြီးရွယ်အို ဘိုးဘွားများ စောင့်ရှောက်ရေးလုပ်ငန်း၊ ကလေးသူငယ်ပညာရေးထောက်ပံ့မှု စသော လူမှုရေးလုပ်ငန်းများအား ယခုထက်ပို၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်၊စာစောင်များ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၆

ခနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်းတယမြို့နယ် သရက်ကုန်း(မြောက်)ကျေးရွာ ပညာအလင်းပြစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲနှင့် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၃၁ ရက် မွန်းတည့် ၁၂ နာရီတွင် အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မင်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းက ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း၏ မတည်လှူဒါန်းငွေကျပ် ၁၀ သိန်းကို ကျေးရွာအုပ်ချုပ်ရေးမှူးထံ ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက လှူဒါန်းသော သုတ၊ ရသ စာအုပ်မျိုးစုံ ၂၅၀ ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်စိုးစိုးထွန်းက ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးထံ ပေးအပ်သည်။

အဆိုပါ ပညာအလင်းပြစာကြည့်တိုက်ကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း၏ လှူဒါန်းငွေကျပ် ၁၀ သိန်း၊ ဒေသခံပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေကျပ် ၁၀ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် စက္ကော့ရေလယ်ကျေးရွာအုပ်စု ကျောင်းကြီးစုကျေးရွာ ပညာ့သွေးစာကြည့်တိုက်သို့ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ ပေးပို့လှူဒါန်းသော သုတ၊ ရသနှင့် ဂျာနယ်များကို နိုဝင်ဘာ ၃၀ ရက်က ဖောင်ဒေးရှင်းကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်းက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်နာယက ဦးကြည်လှိုင် လက်ခံစဉ်။
(မြို့နယ်ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ရာစုဥဒါန်းစာကြည့်တိုက် စာအုပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်(တောင်ပိုင်း)ခရိုင် သန်လျင်မြို့ ဗိုလ်ချုပ်ကျေးရွာ ရာစုဥဒါန်းစာကြည့်တိုက် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို နိုဝင်ဘာ ၆ ရက် နံနက်က အဆိုပါစာကြည့်တိုက် စာဖတ်ခန်းမ၌ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်း(သန်လျင် မောင်ဝင်းဝါ)၊ အတွင်းရေးမှူး ဦးတင်မောင်ငွေ (တင်မောင်ငွေ သန်လျင်)တို့က စာကြည့်တိုက် တိုးတက်ရေးအတွက် အဖွဲ့ဝင်များနှင့်အတူ ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ စာကြည့်တိုက်အတွက် ရသစာအုပ်မျိုးစုံ ၃၅ အုပ် (တန်ဖိုးငွေကျပ် ၄၀၀၀၀)ကို အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်း(သန်လျင် မောင်ဝင်းဝါ)က လှူဒါန်းရာ စာကြည့်တိုက်ဦးဆောင်နာယကကြီး ဦးဘအေးက လက်ခံပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ (ကြေးမုံ)



အမေရိကန်လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ် ကစ်တီဟော့ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အစ္စရေးတွင် အမေရိကန်တပ်ဖွဲ့များ ဖြန့်ကြက်ထားမည်ဟုဆို

တီဟီရန် ဇန်နဝါရီ ၆

အမေရိကန်ပြည်ထောင်စုသည် ထောင်ပေါင်းများစွာသော တပ်ဖွဲ့ဝင်များ၊ စစ်သင်္ဘောများနှင့် လက်နက်များကို အစ္စရေးနိုင်ငံသို့ ပို့ပေး၍ အီရန်နိုင်ငံနှင့်ရင်ဆိုင်ရန် ကြီးမားစွာ စစ်ရေးပြင်လျက်ရှိနေကြောင်း ပရက်(စ်)တီဗွီသတင်းဌာနက ဇန်နဝါရီ ၄ ရက်တွင် ဖော်ပြသည်။

အမေရိကန်ဒုံးကျည်တင်ဖျက်သင်္ဘောများကို အထောက်အကူပြုတပ်ဖွဲ့ဝင်များနှင့်အတူ ဇန်နဝါရီလအတွင်းနှင့် ယခုနှစ် နွေဦးရာသီနှောင်းပိုင်းတွင် အစ္စရေးနိုင်ငံ၌ ဖြန့်ကြက်ထားမည်ဟု အမည်မဖော်လိုသော သတင်းအရင်းအမြစ်ကို ကိုးကား၍ ဂလိုဘယ်လ်သုတေသနက ရေးသားသည်။

ဂျာမနီနိုင်ငံ၌ အခြေစိုက်သည့် အမေရိကန် လေတပ်ဖွဲ့၏ တပ်မှူး ဒုတိယဗိုလ်ချုပ်ကြီး ဖရန့်ဂိုးရင်းက ဤသည်မှာ စစ်ရေးလေ့ကျင့်ခြင်းသာမက တပ်ဖွဲ့များ ဖြန့်ချထားခြင်းဖြစ်သည်ဟု ပြောကြားကြောင်း ဂျေရုဆလင်ပို့(စ်)က ဖော်ပြသည်။

ယခုနှစ် နွေဦးရာသီတွင် ဝါရှင်တန်နှင့် တဲလ်အဗစ်တို့သည် အကြီးမားဆုံး ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ရန် စီစဉ်ထားပြီးဖြစ်သည်။ အစ္စရေးနိုင်ငံအတွင်း ထောင်ပေါင်းများစွာသော အမေရိကန်တပ်ဖွဲ့ဝင်များ ဖြန့်ကြက်ရေးအတွက် အသေးစိတ် အစီအစဉ်များကို အတည်ပြုပေးရန် အမေရိကန်တပ်မှူးသည် လွန်ခဲ့သည့်နှစ်ပတ်ခန့်က အစ္စရေးနိုင်ငံသို့ ရောက်ရှိခဲ့သည်။

၎င်းအမေရိကန်တပ်မှူးသည် အစ္စရေးစစ်ဘက်တို့၏ ဒုံးကျည်ကာကွယ်ရေးစနစ်များ ချထားသည့်စခန်းသုံးခုသို့ သွားရောက်ကြည့်ရှုခဲ့သည်ဟုဆိုသည်။

အင်တာနက်။

အမေရိကန်၌ လက်နက်ငယ် ဝယ်ယူသူဦးရေ စံချိန်တင်မြင့်တက်

လော့အိန်ဂျလိစ် ဇန်နဝါရီ ၆

အမေရိကန်နိုင်ငံ၌ ဒီဇင်ဘာလအတွင်း လက်နက် ငယ် ဝယ်ယူခွင့်ရရှိလိုသူများ၏ ကိုယ်ရေးရာဇဝင် ရှင်းလင်းမှု ရှိ၊ မရှိ စိစစ်ပေးရန် လက်နက်ကုန်သည်များက ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဗျူရို(အက်ဖ်ဘီအိုင်)ထံ တင်ပြလျှောက်ထားလွှာပေါင်း ၁ ဒသမ ၅ သန်းအထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း အမေရိကန်သတင်းဌာနများက ဇန်နဝါရီ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်နိုင်ငံ၌ တစ်လအတွင်း ပြည်သူများ၏ လက်နက်ငယ်ဝယ်ယူခွင့် လျှောက်ထားလွှာအရေအတွက်မှာ စံချိန်တင် ပမာဏဖြစ်ကြောင်း၊ ဒီဇင်ဘာလအတွင်း ခရစ္စမတ်ပွဲတော် မတိုင်မီခြောက်ရက်အလိုအထိ လက်နက်ငယ် ဝယ်ယူခွင့်ရရှိရန် လျှောက်ထားသူ ၅၀၀၀၀၀ ခန့်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဒီဇင်ဘာ ၂၃ ရက် တစ်နေ့တည်းမှာပင် လက်နက် ငယ် ဝယ်ယူသူ၏ နောက်ကြောင်းရာဇဝင် ရှင်းလင်းမှု ရှိ၊ မရှိ စိစစ်ပေးရန် လျှောက်ထားလွှာ တင်သွင်းသူ ၁၀၂၂၂၂ ဦး ရှိသည်ဟု ဆိုသည်။

အမေရိကန်နိုင်ငံ၌ စီးပွားရေး တိုးတက်မှုနှုန်း ကျဆင်းနေချိန်တွင် ရာဇဝတ်မှုခင်းများ ထူပြောလာနိုင်သဖြင့် မိမိကိုယ်မိမိ ကာကွယ်နိုင်ရန် ပြည်သူများအနေဖြင့် လက်နက်ငယ် ကိုင်ဆောင်လိုခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အင်တာနက်။

တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးပိုငွေ ၁၂ ဒသမ ၆ ရာခိုင်နှုန်းကျဆင်း

ပေကျင်း ဇန်နဝါရီ ၆

တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးပိုငွေပြမှုသည် ၂၀၁၁ခုနှစ်တွင် ၁၂ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းကာ ဒေါ်လာ ဘီလီယံ ၁၆၀အထိ လျော့ကျသွားကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ဇန်နဝါရီ ၅ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံသည် လွန်ခဲ့သည့်နှစ်အတွင်း ပြည်ပ ပို့ကုန်ဈေးကွက်များ၏ ဝယ်လိုအားကျဆင်းမှုနှင့် ရင်ဆိုင်ခဲ့ရသည်။

တရုတ်နိုင်ငံသည် ၂၀၁၀ပြည့်နှစ်က ကုန်သွယ်ရေးပိုငွေ ဒေါ်လာ ၁၈၃ ဘီလီယံပြခဲ့သည်။

ပြည်ပပို့ကုန် တင်ပို့နိုင်မှုနှုန်း နှေးကွေးခြင်းမှာ ပြည်ပဈေးကွက်အခြေအနေပေါ် မူတည်ကြောင်း တရုတ် စီးပွားရေးပညာရှင် ကျူကျောက်လီက ပြောကြားသည်။

တရုတ်နိုင်ငံ၏ နိုင်ငံခြားငွေလဲလှယ်နှုန်းထားဆိုင်ရာ မူဝါဒနှင့်ပတ်သက်၍ အမေရိကန်တာဝန်ရှိသူများက ကာလရှည်ဝေဖန်ပြောဆိုလာခဲ့သည်။

အမေရိကန်နိုင်ငံသည် တရုတ်နှင့် ကုန်သွယ်ရာတွင် ကုန်သွယ်ရေးလိုငွေပြခဲ့သည်။ ၂၀၁၀ပြည့်နှစ်တွင် အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေပြမှုမှာ ဒေါ်လာဘီလီယံ ၂၇၀ရှိသည်။

အင်တာနက်။

ရေထိန်းတာတမံ ကျိုးပေါက်မည့်အရေးကြောင့် နယ်သာလန်၌ လူရာပေါင်းများစွာကို အရေးပေါ်ရွှေ့ပြောင်းပေးခဲ့ရ

သည်ဟိတ် ဇန်နဝါရီ ၆

ရက်ပေါင်းများစွာ မိုးဆက်တိုက်ရွာသွန်းပြီးနောက် ရေတားမြေသားတမံတစ်ခု ကျိုးပေါက်မည့် အန္တရာယ်ကြောင့် နယ်သာလန်နိုင်ငံမြောက်ပိုင်း မြေနိမ့်ဒေသ ကျေးရွာလေးရွာမှ ပြည်သူ ၈၀၀ ကို ရဲတပ်ဖွဲ့ဝင်များနှင့် စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၆ ရက်တွင်အရေးပေါ်ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

တူးမြောင်းမကြီးတစ်ခု တစ်လျှောက်၌ တည်ရှိသော ရေထိန်းတမံ၏ အစိတ်အပိုင်းတစ်နေရာသည် ကျိုးပေါက်နိုင်ပြီး မြေအကျယ်အဝန်း ဟက်တာရာပေါင်းများစွာကို ရေအမြင့် ၁ ဒသမ ၅ မီတာအထိ ဖုံးလွှမ်းသွားနိုင်ကြောင်း နယ်သာလန်အာဏာပိုင်များက ပြောကြားသည်။

ပြောင်းရွှေ့ပေး

ရေထိန်းတမံ ကျိုးပေါက်နိုင်ခြေမှာ နည်းပါးသော်လည်း ဒေသခံပြည်သူများ၏ လုံခြုံရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၏ အကျိုးစီးပွားအတွက် အရေးပေါ်ရွှေ့ပြောင်းရေးလုပ်ငန်းများလုပ်ဆောင်ရန် ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း ဒေသန္တရအာဏာပိုင်တစ်ဦး၏ အဆိုအရသိရသည်။

ရေထိန်းတမံ၏ ရေတားနိုင်စွမ်းကို မြှင့်တင်ပေးရန်အတွက် နယ်သာလန် လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူအများအပြားသည် ဇန်နဝါရီ ၅ ရက် ညပိုင်း၌ သဲအိတ်များအသုံးပြုကာ ရေထိန်းတမံ တောင့်တင်းရေးအား ဆောင်ရွက်ခဲ့ကြသည်။

ရေအမြင့် နိမ့်ဆင်းစေရန်နှင့် ရေထိန်းတာတမံပေါ်၌ ရေဖိအားသက်ရောက်မှုကို လျှော့ချပေးနိုင်ရေးအတွက် နယ်သာလန်အာဏာပိုင်များက တူးမြောင်းမကြီး၏ ရေတံခါးများအားဖွင့်၍ ရေများကို ပင်လယ်ပြင်အတွင်း စီးဝင်စေရန် လုပ်ဆောင်ခဲ့ရသည်။

အင်တာနက်။

အီရတ်၌ဗုံးကွဲ၍ ၆၈ ဦး သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၆

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်နှင့် နိုင်ငံတောင်ပိုင်းတွင် ဗုံးခွဲတိုက်ခိုက်သည့်အတွက် အနည်းဆုံး ၆၈ ဦး သေဆုံးခဲ့ကြောင်း ဇန်နဝါရီ ၅ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

နိုင်ငံတောင်ပိုင်း နာဆာရီယာမြို့တွင် ရှီးယိုက်ဘုရားဖူးများကို ပစ်မှတ်ထား၍ အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ ၄၄ ဦး သေဆုံးကြောင်း ပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြား သည်။

ဗုံးခါးပတ်ကို ပတ်ထားသော အသေခံဗုံးခွဲသမားသည် ခရီးသည်များအနားယူရာ လမ်းဘေးတဲတစ်ခုအတွင်း၌ ဖောက်ခွဲခဲ့ရာ ဒဏ်ရာရသူ ၇၀ ကျော်သည်ဟု ဆိုသည်။

ယင်းဖြစ်ရပ်မတိုင်မီက ဘဂ္ဂဒက်မြို့ ဆဒါစီးတီးနှင့် ကာဒီမီယာနယ်မြေ၌ အလုပ်သမားများ၊ ဝန်ထမ်းများ အလုပ်ပြန်ချိန်တွင် တိုက်ခိုက်မှုများဖြစ်ပွားခဲ့ကြောင်း၊ အရပ်သားများ အစုအဝေးကို ပစ်မှတ်ထား၍ တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ သေဆုံးသူများအပြင် ၆၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။

ဗုံးနှစ်လုံးပေါက်ကွဲ

ဆဒါစီးတီး၌ ဗုံးနှစ်လုံးပေါက်ကွဲရာ သေဆုံးသူ အရေအတွက်သည် ကိုးဦးနှင့် ၁၂ ဦးအကြားရှိသည်ဟု အမည်မဖော်လိုသူတာဝန်ရှိသူ၏ ပြောကြားချက်ကို သတင်းဌာနများက ကိုးကားဖော်ပြသည်။ ပထမဗုံးမှာ မော်တော်ဆိုင်ကယ်ဗုံးဖြစ်၍ အလုပ်ရှာဖွေရန် စုဝေးနေသည့် အလုပ်သမားများအနီးတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ဒုတိယဗုံးမှာ လမ်းဘေးဗုံးဖြစ်၍ နောက်မိနစ်၃၀ခန့်အကြာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်အနီး၌ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ကာဒီမီယာ၌မူ နံနက် ၉နာရီခန့်တွင် ကားဗုံးနှစ်လုံး တစ်ပြိုင်တည်းပေါက်ကွဲရာ သေဆုံးသူ ၁၄ ဦးမှ ၁၅ ဦးအထိ ရှိသည်ဟု အမည်မဖော်လိုသူ တာဝန်ရှိသူက အေအက်ဖ်ပီ သို့ ပြောကြားခဲ့သည်။

အင်တာနက်။

ကုန်သွယ်ရေကြောင်းသင်္ဘောများ၌ လက်နက်ကိုင်များ လိုက်ပါရေး ဗြိတိသျှအမတ်များ တိုက်တွန်း

လန်ဒန် ဇန်နဝါရီ ၆

ပင်လယ်ဓားပြများကို ရင်ဆိုင်နိုင်ရန် ကုန်သွယ်ရေကြောင်းသင်္ဘောများပေါ်၌ လက်နက်ကိုင်အစောင့်အကြပ်များ လိုက်ပါရေးကိစ္စနှင့်ပတ်သက်၍ ဗြိတိသျှအစိုးရအဖွဲ့က တိကျသောလမ်းညွှန်ချက်များကို ရေးဆွဲချမှတ်သင့်ကြောင်း ပါလီမန်အမတ်များက ဇန်နဝါရီ ၅ ရက်တွင် တိုက်တွန်းလိုက်ကြသည်။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ဆိုမာလီ အနာဂတ်ရေးဆိုင်ရာ ညီလာခံတစ်ရပ်ကျင်းပရန် ပြင်ဆင်နေချိန်တွင် ပါလီမန်အမတ်များက အထက်ပါအတိုင်း တိုက်တွန်းခြင်းဖြစ်သည်။

ချီးကျူးပြောဆို

ဗြိတိန်နိုင်ငံမှ ကုန်သွယ်ရေကြောင်း သင်္ဘောများသည် ပင်လယ်ဓားပြဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် သင်္ဘောများပေါ်တွင် လက်နက်ကိုင်အစောင့်များ လိုက်ပါခွင့်ပြုသင့်သည် ဆိုသော ဆုံးဖြတ်ချက်တစ်ရပ်ကို အစိုးရက အောက်တိုဘာလအတွင်း ချမှတ်ခဲ့ခြင်းနှင့်ပတ်သက်၍ ပါလီမန်ရှိ နိုင်ငံခြားရေးကော်မတီက ချီးကျူးပြောဆိုခဲ့သည်။

ပြန်ပေးရွေးငွေ

ဗြိတိန်နိုင်ငံသည်ပင်လယ်ဓားပြဘေးအန္တရာယ်ကို တွေ့ကြုံနေရကြောင်း၊ လွန်ခဲ့သည့်လေးနှစ်တာကာလအတွင်း ဆိုမာလီပင်လယ်ဓားပြများကို ပြန်ပေးရွေးငွေ ယူရိုသန်း ၂၃၀(ဒေါ်လာသန်း ၃၀၀)ပေးခဲ့ရကြောင်း ပါလီမန်ရှိ နိုင်ငံခြားရေးကော်မတီက ပြောကြားသည်။

ပင်လယ်ဓားပြများကို အင်အားသုံး၍ တုံ့ပြန်ရာတွင် ကုန်သွယ်ရေကြောင်း သင်္ဘောများပေါ်ရှိ လက်နက်ကိုင်အစောင့်အကြပ်များအနေဖြင့် မည်သည့်အတိုင်းအတာအထိ လုပ်ပိုင်ခွင့်ရှိသင့်သည်ကို အစိုးရက တိကျသောလမ်းညွှန်ချက်ပေးသင့်ကြောင်း ယင်းကော်မတီက ပြောကြားသည်။

အင်တာနက်

ပါကစ္စတန်တွင် မိန်းကလေးစာသင်ကျောင်းအား စစ်သွေးကြွများက ပစ်မှတ်ထား ဖောက်ခွဲဖျက်ဆီး

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၆

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ခိုင်ဘာပက်ထန်ဝါပြည်နယ် ဆွတ်ဒေသရှိ မိန်းကလေးစာသင်ကျောင်းအား စစ်သွေးကြွများက ဖျက်ဆီးလိုက်ကြောင်း ပရက်စ်တီဗွီသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဆွတ်ဒေသရှိ စာသင်ခန်းတစ်ခု၌ မိန်းကလေးများ တက်ရောက်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယင်းစာသင်ကျောင်းသည် ပါကစ္စတန်နိုင်ငံမြို့တော် အစ္စလာမ္မာဘတ်၏ အနောက်မြောက်ဘက် ၈၅မိုင်ခန့်ကွာဝေးသော ခိုင်ဘာပက်ထန်ဝါပြည်နယ် ဆာဝါရီဒေသ ချားဆက်ဒါးမြို့တွင်တည်ရှိ၍ ကျောင်းအဆောက်အအုံကို ပစ်မှတ်ထားကာ ဇန်နဝါရီ ၆ ရက် နံနက်စောစောပိုင်းက ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

ပေါက်ကွဲမှုဖြစ်ပွားချိန်က ကျောင်းအတွင်း မည်သူမျှရှိမနေသဖြင့် သေကျေပျက်စီးမှုမရှိခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

ပိတ်ပင်တားမြစ်

ဖောက်ခွဲမှု၏အဓိကတရားခံများမှာ တက်ရှ်ရစ်ခ်-အီး-တာလီဘန်(တီတီပီ)စစ်သွေးကြွများ ဖြစ်နိုင်သည်ဟု သံသယရှိကြောင်း၊ ၎င်းတို့သည် ပါကစ္စတန်အနောက်မြောက်ပိုင်းရှိ မိန်းကလေးများ၏ ပညာသင်ကြားခြင်းကို ပိတ်ပင်တားမြစ်ထားသူများဖြစ်ကြောင်း သိရသည်။

ယင်းဒေသရှိ မိန်းကလေးစာသင်ကျောင်းရာချီ၍ လွန်ခဲ့သည့်နှစ်များအတွင်းက ဖျက်ဆီးခံခဲ့ရသည်။ အထူးသဖြင့် ခိုင်ဘာပက်ထန်ဝါပြည်နယ်တွင် ဖြစ်သည်။ ***အင်တာနက်။***

ပြည်ထောင်စုရာထူးဝန်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၆

ပြည်ထောင်စုရာထူးဝန်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ရုံးအဖွဲ့မှူးတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ၂၀၁၂ ခုနှစ်အတွက် ရှေ့လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ ပြည်ထောင်စုရာထူးဝန်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၁-၂၀၁၂ (စနေနေ့)
[၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ (အဖိတ်နေ့)]

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၇း၅၅ ၇။ "သုတရောင်စုံပန်းခင်း"
၈း၀၀ ၈။ ကဗျာပန်းဥယျာဉ်
၈း၁၅ ၉။ တေးဂီတအစီအစဉ်
၈း၂၅ ၁၀။ "မူဆယ်တစ်ဝန်းဆီ ရွှေဖြူလွှမ်းတော့မည်"
၈း၃၅ ၁၁။ International News
၈း၄၀ ၁၂။ Local Talent
၈း၅၀ ၁၃။ "၂၀၁၁ ကမ္ဘာ့အားကစားပုံရိပ်များ" (အပိုင်း-၂)
၉း၀၀ ၁၄။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁း၃၀ ၅။ "နှုတ်မြိန်ဖွယ်ရာချစ်ဟင်းလျာ"
၁း၄၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ကျောင်ဂွန်း" (အပိုင်း-၃၈)**
၂း၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား၏ ရိုးရာအက
၂း၄၀ ၈။ အတီးပြိုင်ပွဲ
၂း၅၀ ၉။ International News
၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၀၅ ၂။ မျိုးမျိုးကြွကြွယဉ်ကျေးမှုအက
၄း၁၅ ၃။ တေးဂီအစီအစဉ်
၄း၂၅ ၄။ "တောမြိုင်စွန်းမှ လွမ်းမျက်ရည်"
၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၅ ၇။ ပြန်ကြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
၅း၂၀ ၈။ International Science News
၅း၃၀ ၉။ သက်တံရောင်သံစဉ်
၅း၄၅ ၁၀။ လှပစုံလင်အာဆီယံတစ်ခွင်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ အလှရှာမယ်၊ လှကမ္ဘာဝယ်
၆း၃၅ ၁၄။ တေးဂီတအစီအစဉ်
၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချိုချိုကြင်နာပို" (အပိုင်း-၃)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **ကာတွန်းအစီအစဉ် "တောကောင်ငယ်သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၈၀)**
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ပွင့်လေးရဲ့ဒဏ္ဍာရီ" (အပိုင်း-၃)**
၂၁။ ဂီတတံခါးလေးဖွင့်ပါဦး
၂၂။ အစီအစဉ်ပြီး၏။

ဝမ်းတွင်းမြို့နယ်အတွင်း လေပြင်းတိုက်ခတ်ခဲ့

ရန်ကုန် ဇန်နဝါရီ ၆

ဇန်နဝါရီ ၃ ရက်က မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ဆင်ချိုတိုင်ကျေးရွာအုပ်စုရှိ ဆားတောင်ကုန်းကျေးရွာ၌ လေပြင်းတိုက်ခတ်ခဲ့ခြင်းကြောင့် ကယ်ဆယ်ရေးစခန်းဖွင့်ကာ လိုအပ်သော ကယ်ဆယ်ကူညီမှုများကို လုပ်ဆောင်ပေးခဲ့ရကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်ခြင်းမှာ ည ၁၁ နာရီဝန်းကျင်ခန့်က တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး ဆားတောင်ကုန်းကျေးရွာရှိ ခန့်မှန်းမြေပုံအညွှန်း JD-၈၈၅၅၄၈ ၌ ကြုံတွေ့ရခြင်းဖြစ်ကြောင်း၊ လေပြင်းကြောင့် နေအိမ်သုံးလုံး အမိုးများလန်ထွက်ကာ နေအိမ် ၁၅ လုံး ယိမ်းယိုင်ခဲ့ပြီး လေဘေးဒုက္ခသည် ကျား ၄၉ ဦး၊ မ ၄၃ ဦး စုစုပေါင်း ၉၂ ဦးကို ကျေးရွာဘုန်းကြီးကျောင်း၌ ကယ်ဆယ်ရေးစခန်းဖွင့်ကာ ထားရှိပေးခဲ့ကြောင်း သိရသည်။

ထိုဖြစ်စဉ်သို့ ဝမ်းတွင်းမြို့နယ် မီးသတ်စခန်းမှ တာဝန်ခံနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရွှေကူကျေးရွာမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးတို့က သွားရောက်ကူညီပေးခဲ့ကြကြောင်း သိရသည်။ ထက်ခိုင်(စမ်းချောင်း)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား မကွေးတိုင်းဒေသကြီး၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၆

၂၀၁၂ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့တိုင်းဒေသကြီးအားကစားကွင်း၌ကျင်းပရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်ပေးပြီး တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်အလံ အလေးပြုပွဲကို နံနက် ၇ နာရီတွင် ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဆရာ၊ ဆရာမများ၊ ဆေးရုံအုပ်ကြီးများနှင့် ဆရာဝန်၊ ဆရာမများ၊ မကွေးခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ပညာရေးကောလိပ်နှင့် သူနာပြုသင်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများ စုစုပေါင်းအင်အား ၁၄၀၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက ဖတ်ကြားသည်။ အခမ်းအနားအပြီးတွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အားကစားပြိုင်ပွဲများ ကျင်းပရာ မကွေးခရိုင် အားကစားကွင်းသို့ သွားရောက်ကြပြီး ပြိုင်ပွဲများကို အားပေးကာ ဆုရရှိသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် Magway Economic Group Co., Ltd စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၀၂) ဖွင့်ပွဲသို့ တက်ရောက်၍ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပန်းဧကရီမယ်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပန်းဧကရီမယ်ပြိုင်ပွဲကို ဇန်နဝါရီ ၅ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းထောင့်ရှိ ပြပွဲပြိုင်ပွဲကွင်း၌ ကျင်းပရာ ပြိုင်ပွဲဝင်ပန်းဧကရီမယ်များက ပန်းအလှများဖြင့် ပုံဖော်ထားသော ဒီဇိုင်းဝတ်စုံများဖြင့် လည်းကောင်း၊ နှုတ်မေးခွန်းများ ဖြေဆို၍လည်းကောင်း ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပထမမှ ဒသမအထိ ဆုရရှိသူများနှင့် အထူးဆုရရှိသူ ခြောက်ဦးတို့အား မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း နာယက ဒေါ်ခင်သက်ဌေးနှင့် နာယကအဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ဟားခါး၌ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၆

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် ချင်းပြည်နယ် ဟားခါးမြို့ ဝမ္မသူးမောင် အားကစားကွင်း၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်းခမ်နှင့် ဒုတိယဥက္ကဋ္ဌ ဦးအုန်းလွင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အတွင်းရေးမှူးနှင့် ပြည်နယ်/မြို့နယ်ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို နံနက် ၇ နာရီတွင် အဆိုပါကွင်း၌ ကျင်းပရာ နိုင်ငံတော်အလံကို အလေးပြုကြပြီး ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက ဖတ်ကြားသည်။

ယင်းနောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်က ဆုများပေးအပ်ချီးမြှင့်ပြီး ပျော်ပွဲရွှင်ပွဲများကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အလက(၁)၌ ကျင်းပသော အမှတ်(၃) အခြေခံပညာဦးစီးဌာန ပညာရေးစုံညီပွဲတော်အခမ်းအနားတွင် ပန်းဘဲတန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်း ပညာရည်ချွန်ဆုများ ပေးအပ်စဉ်။ (ပညာရေး)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၆

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် တောင်ညိုရှိ တပ်နယ်သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးတပ်ခွဲ(၁)တပ်ခွဲမှူး ဒုတိယရဲမှူး ဝင်းအောင်က ယာဉ်မတော်တဆမှု ဖြစ်ပွားရခြင်းအကြောင်းများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ရှင်းလင်းပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

အင်းစိန်မြို့နယ်၌ မီးလောင်မှုဖြစ်ပွား ဂိုဒေါင်တစ်လုံး မီးလောင်ကျွမ်းဆုံးရှုံးခဲ့

နေပြည်တော် ဇန်နဝါရီ ၆

ယနေ့နံနက် ၂ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် ရတနာသုခလမ်းရှိ ဦးစန်းမင်း၏ အာလူးကြော်စက်ရုံအတွင်း ပလတ်စတစ်အပူပေးရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး ဂိုဒေါင်တစ်လုံး လောင်ကျွမ်းဆုံးရှုံးခဲ့သည်။

အဆိုပါမီးလောင်ရာသို့ မီးသတ်ယာဉ် ၃၃ စီး၊ အုပ်ချုပ်မှုယာဉ် ငါးစီးနှင့် ကြက်ခြေနီလူနာတင်ယာဉ် တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြရာ နံနက် ၃ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လူကုန်ကူးမှုဆိုင်ရာ သတင်းများ ဆက်သွယ်ပေးပို့နိုင်

နိုင်ငံတော်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထု ပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် လူကုန်ကူးမှုဆိုင်ရာသတင်းများ ဆက်သွယ်ပေးပို့ရမည့် ဖုန်းနံပါတ်များကို ထားရှိပေးထားသည်။ ၎င်းတို့မှာ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၅၅၅၊ ၀၆၇-၄၁၂၆၆၆၊ မူဆယ်မြို့ ဖုန်း-၀၉-၄၉၅၅၅၆၆၆၊ မန္တလေးမြို့ ဖုန်း-၀၉-၄၉၅၅၅၇၇၇ နှင့် ရန်ကုန်မြို့ ဖုန်း-၀၉-၄၉၅၅၅၈၈၈၊ ၀၉-၄၉၅၅၅၉၉၉ တို့ဖြစ်ကြောင်း သိရှိရသည်။

ခေတ်မမီစေချင်တော့တဲ့သီချင်း

စွမ်းမောင်မောင်
(လူမှု/ကယ်ဆယ်ရေး)

"ရန်သူငါးပါးထဲမှာ အင်မတန်ဆိုးဝါးလှတာ မည်သူတာဘယ်သူ့မှ မထောက်တာ သူခိုးဓားပြထက်ဆိုးတဲ့ရန်သူဟာ ဤဇမ္ဗူတစ်ခွင်မှာ ရန်သူမီးကို အစဉ်အမြဲသတိပြုပါ"ဆိုတဲ့သီချင်းကို ငယ်စဉ်ကတည်းက ကြားဖူးနေခဲ့ပြီးသား ဖြစ်ကြပါလိမ့်မယ်။ နှစ် (၅၀)ကျော်ပြီး ဂန္ထဝင်သီချင်းတစ်ပုဒ်ဖြစ်ရုံသာမက မီးဘေး ကာကွယ်ရေးအတွက် ပြည်သူတွေကို အသိပညာပေး တပ်လှန့်နှိုးဆော်နေတဲ့ အကျိုးပြုသီချင်းလို့တောင်မှ မှတ်တမ်းတင်ရမှာပါ။ ခေတ်ဟောင်းပေမဲ့ ခေတ်မီနေဆဲ လို့လည်း ဆိုချင်ပါတယ်။ နိုင်ငံကျော် အဆိုတော်ကြီး ဦးထွန်းရွှေရဲ့ အောင်မြင်ခဲ့ညား တဲ့ အသံဝါကြီးနဲ့ မာန်ပါပါတေးသံကို ကြားရပြီဆိုလျှင် တစ်မြို့လုံး၊ တစ်ရွာလုံး၊ တစ်ရပ်ကွက်လုံးက ရပ်မိရှင်ပြည်သူတွေကို မီးသတိပြုမိစေဖို့ ဖျတ်ခနဲတော့ သတိရ စေတာလည်းအမှန်ပါ။ သို့သော်လည်း ဖျတ်ခနဲ ဆိုတာကလည်း တကယ့်ကိုမှ ဖျတ်ခနဲ ပါဆိုတာ လတ်တလောဖြစ်ပျက်နေတဲ့ မီးဘေးသတင်းတွေအရ သက်သေအထောက် အထားတွေက အခိုင်အမာရှိနေပြန်ပါတယ်။ ပူပူနွေးနွေး မီးဘေးဖြစ်စဉ်အနေနဲ့ ၂၀၁၁ ခုနှစ်ကုန် ဒီဇင်ဘာလ ၂၉ ရက်နေ့ နံနက်စောစော မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မီးဘေးမှာပြည်သူတွေရဲ့အသက်နဲ့ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် အိုးအိမ် ပစ္စည်းတွေ အများအပြား ဆုံးရှုံးမှုကတော့ ကြောက်စရာကောင်းလှပေတယ်။

မီးသတ်တပ်ဖွဲ့ဝင် ငါးဦးနဲ့ ပြည်သူ ၁၂ ဦး အသက်ဆုံးရှုံးခဲ့ရသလို မီးသတ် တပ်ဖွဲ့ဝင် ၃၇ ဦး၊ ပြည်သူ ၅၃ ဦး ဒဏ်ရာရရှိစေခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ်သန်း ၁၁၃ ဒသမ ၆ ရှိခဲ့ပါတယ်။ အချိန် ၄ နာရီကျော်အတွင်း ဆုံးရှုံးခဲ့ရတဲ့တန်ဖိုးက မနည်း လှပေဘူး။ ရုပ်ဝတ္ထုပစ္စည်းတွေဆုံးရှုံးတာတွေကို အမြန်အစားထိုး အသစ်ပြုပြင် တည်ဆောက်လို့ရနိုင်ပေမယ့် မီးဘေးကြောင့် မိသားစုတွေရဲ့ဘဝတွေ မလှမပ ဖြစ်ခဲ့ရတဲ့ စိတ်ပိုင်းဆိုင်ရာဆုံးရှုံးမှုတွေကိုတော့ အချိန်ယူပြီး ပြုစုရတော့မယ်။ ဒီနှစ် ဧပြီလမှ နိုဝင်ဘာလအထိ မီးလောင်မှု ၅၁၆ ကြိမ်ဖြစ်ခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ်သန်းပေါင်း ၁၂၉၆ ဒသမ ၄၉ ထိတောင်ရှိခဲ့တာဆိုတော့ နိုင်ငံရဲ့စွမ်းအားစုတွေ ယုတ်လျော့စေခဲ့တဲ့ မီးဘေးဟာ ဘယ်လောက်ကြောက်စရာကောင်းတဲ့ ဘေးဒုက္ခ လည်းဆိုတာ မှန်းဆကြည့်နိုင်မှာပါ။

၂၀၁၀ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအထိ မီးလောင်မှု ၄၆၆ ကြိမ်ဖြစ်ခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ်သန်းပေါင်း ၂၃၉၀၃ ဒသမ ၅၈ ရှိခဲ့တာမို့ ယခုနှစ်မှာ မီးလောင်မှု ကြိမ်ရေ ၅၀ ပိုမိုပြီး ဆုံးရှုံးမှုတန်ဖိုးမှာတော့ ကျပ်သန်းပေါင်း ၂၂၆၀၇ ဒသမ ၀၉ လျော့နည်းသွားတာကို တွေ့ရပါတယ်။ အချိန်ကာလတူ မီးလောင်မှု မှတ်တမ်းနှစ်ခုကို နှိုင်းယှဉ်ကြည့်ရင် ပြည်သူတွေ မီးသတိပြုမှု အားနည်းနေသေးတာရယ်၊ အကြောင်း တရားပေါင်းများစွာကြောင့် ဆုံးရှုံးမှုတန်ဖိုးတွေ မြင့်မားနေသေးတယ်ဆိုတာရယ်ကို ကောက်ချက်ချနိုင်ပါပြီ။ ပြီးခဲ့တဲ့ဆယ်စုနှစ်တစ်ခုအတွင်း နိုင်ငံမှာ ဖြစ်ပွားခဲ့သမျှ သဘာဝဘေးတွေရဲ့ ၇၃ ရာခိုင်နှုန်းက မီးဘေးဖြစ်နေတာကိုလည်း မှတ်တမ်းများအရ တွေ့နိုင်ပါတယ်။

ကူးတို့ဆိပ်ရပ်ကွက် မီးဘေးဖြစ်စဉ်မှာ မီးသတ်ဦးစီးဌာနက မီးသတ်ရဲဘော် ငါးယောက်က ပြည်သူလူထုအတွက် မီးဘေးအန္တရာယ်ကို စွန့်လွှတ်စွန့်စား ကာကွယ်ရင်း အသက်စွန့်ခဲ့တာဟာ တပ်ဖွဲ့ရဲ့ဂုဏ်ကို မြှင့်တင်ခဲ့တာမို့ မီးသတ်တပ်ဖွဲ့အတွက်နဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအတွက်တော့ တကယ့်ဂုဏ်ယူစရာဖြစ်ပေမယ့် သူတို့မိသားစုတွေကတော့ ကြေကွဲဝမ်းနည်းရခဲ့ရမှာပါ။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့ ဥက္ကဋ္ဌကိုယ်တိုင် မီးဘေးဖြစ်ပွားတဲ့ နေ့ချင်းမှာပဲ ဘေးဖြစ်ပွားရာနေရာ ကယ်ဆယ်ရေးစခန်းမှာရောက်နေတဲ့ မီးဘေးသင့်ပြည်သူတွေဆီ အားပေးနှစ်သိမ့် စကားပြောကြား၊ ငွေနဲ့ ထောက်ပံ့ပစ္စည်းတွေ ပေးအပ်၊ မီးဘေးသင့်တဲ့ အခြေအနေ အရပ်ရပ်ကို လေ့လာတာ၊ ဒဏ်ရာရလူနာတွေကို ထောက်ပံ့ငွေတွေ ပေးအပ်ပြီး အားပေးစကားပြောကြားတာတွေ ဆောင်ရွက်ခဲ့ပါတယ်။ မီးဘေးသင့် ပြည်သူတွေ စားသုံးနိုင်ဖို့နဲ့ လတ်တလောစားသောက်ရေးကို ဖြေရှင်းပေးတာ သေဆုံးဒဏ်ရာ ရသူများအတွက် ထောက်ပံ့တာအပါအဝင် ထောက်ပံ့မှု စုစုပေါင်း ၁၄ ဒသမ ၈၈ သန်းကျော်ရှိပါတယ်။ ဒါက သဘာဝဘေး ဖြစ်ပွားပြီဆိုတာနဲ့ မြန်မာနိုင်ငံ သဘာဝ ဘေးအန္တရာယ် စောင့်ရှောက်မှုအဖွဲ့နဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနရဲ့ အရေးပေါ်တုံ့ပြန်မှုတစ်ရပ်ပါ။ ရေရှည်နေထိုင်ဖို့ အိုးအိမ်တွေ အသစ်ပြန်လည်ထူထောင်တည်ဆောက်နိုင်ဖို့ အကူအညီတွေကိုလည်း ဆက်ပေးဦးမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို အမြဲဖြည့်ဆည်းဖို့ စာနာတဲ့စိတ်နဲ့ အမြဲဆောင်ရွက်ပေးနေဦးမှာပါ။

သဘာဝဘေးအန္တရာယ်ဆိုတာဖြစ်ပြီးမှ အရေးပေါ်တုံ့ပြန်ပြီး ကယ်ဆယ်ရတာ၊ ပြန်လည်ထူထောင်ပြန်လည် တည်ဆောက်ရတာတွေထက် မဖြစ်ခင် သဘာဝဘေးတွေ လျော့ကျအောင် လျှော့ချခြင်းဆိုတဲ့ ကြိုတင်ကာကွယ်ခြင်း၊ သဘာဝဘေးကြုံလာရင် ဘယ်လိုကြံ့ကြံ့ခံရင်ဆိုင်မလဲဆိုတဲ့ အသိပညာတွေ ဖြန့်ဖြူးပေးခြင်း၊ ရေရှည်သဘာဝ ဘေးကို ကာကွယ်နိုင်ဖို့ ဘာတွေဘယ်လိုပြင်ဆင်ရမလဲဆိုတဲ့ အစီအမံတွေ ထားရှိခြင်း က ပိုလို့အရေးကြီးလှပေတယ်။ **"ဘေးရန်တွေကို ဘေးအန္တရာယ်မဖြစ်စေဖို့"** တားဆီး ကာကွယ်ကြရမယ်ဆိုရင် မမှားပေဘူး။

မြန်မာလူမျိုးတို့ရဲ့ အစဉ်အလာအတိုင်း မီးဘေးဖြစ်ပွားတဲ့နေ့ နေ့လယ်ပိုင်းကစလို့ ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရာကို တိုင်းဒေသကြီးအစိုးရနှင့် အဖွဲ့အစည်း အသီးသီးတွေက ပုဂ္ဂိုလ်တွေ၊ ရပ်ကွက်ရှင်လူပြည်သူတွေ၊ အနုပညာရှင်တွေ စွမ်းနိုင် သလောက် လာရောက်လှူဒါန်းတာကို တွေ့ရပြန်တော့လည်း ဘေးသင့်ပြည်သူတွေ အတွက် ပြည်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးမှာ အထောက်အကူဖြစ် စေတာမို့ အနည်းငယ် စိတ်သက်သာမှုကို ရရှိခဲ့ပါတယ်။ မီးဘေးသင့်ပြည်သူများ အပေါ် ကူညီမှုတွေပေးခဲ့ရုံသာမက ဘာကြောင့်၊ ဘယ်သူ့ကြောင့် ဒီလိုဘေးအန္တရာယ် တွေ ကြုံနေရသလဲ၊ နောင်ကိုဒီလို ဘေးဒုက္ခတွေ မကြုံရလေအောင် ဘယ်သူတွေက ဘယ်လိုကာကွယ်ကြမလဲ၊ တားဆီးကြမလဲ၊ ဆုံးရှုံးမှုတွေမရှိအောင် လျော့နည်းအောင် ဘယ်လိုခုခံတွန်းလှန်ကြမလဲဆိုတာကို ဖော်ထုတ်ပြီး အနာဂတ်ကာလများမှာ ဒီလို ကြေကွဲဖွယ် ဖြစ်စဉ်တွေက ကင်းဝေးရလေအောင် တာဝန်ရှိသူတွေနဲ့ ပူးပေါင်း ဆောင်ရွက်မှုက အဓိကကျလှပါတယ်။ ကမ္ဘာနဲ့ မြန်မာမှာ ဖြစ်ပျက်ခဲ့လေသမျှ ဘေးအန္တရာယ်တွေကိုကြည့်ရင် ဘေးအန္တရာယ်ဖြစ်စဉ်တွေပေါ်ကရတဲ့ သင်ခန်းစာ တွေအပေါ် စိတ်ပျက်စရာ ကောင်းလောက်အောင် လွယ်လွယ်ကူကူ မေ့လျော့ခဲ့ တာကြောင့် ဘေးဒုက္ခတွေကို ထပ်ခါတလဲလဲ ခံစားနေကြရတာပါလို့ ပညာရှင်တွေ က ဖော်ထုတ်ခဲ့တာကိုလည်း ဘယ်သူမှ မငြင်းဆန်နိုင်ပါဘူး။ တကယ်တော့ ဘေးအန္တရာယ်တွေကြောင့် အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးပျက်စီးရခြင်းဟာ ကြုံလာ နိုင်တဲ့ ဘေးဒုက္ခတွေအပေါ် အလေးဂရုမပြုတာ၊ ကြိုတင်ပြင်ဆင်မှု ကာကွယ်မှုဆိုင်ရာ ဗဟုသုတတွေ မရှိတာ၊ ဘေးဒုက္ခကို ထိရောက်တဲ့ တုံ့ပြန်မှုလုပ်နိုင်မယ့် စွမ်းအား အရင်းအမြစ် အလုံအလောက် တည်ဆောက်မထားနိုင်တာတွေက အကြောင်းရင်း တွေဖြစ်တာ မြင်ရပေမယ်။

မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ကတော့ သည်အဖြစ်ဆိုးတွေ လျော့နည်းသည်ထက် လျော့နည်းအောင် ပြည်သူလူထုအတွင်း သဘာဝဘေး၊ မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ မြေပြိုဘေး၊ ငလျင်ဘေး၊ ငတ်မွတ် ခေါင်းပါးဘေး စတဲ့ ဘေးဒုက္ခအမျိုးမျိုးနဲ့ စပ်လျဉ်းတဲ့ အသိပညာများစွာကို ဖြန့်ဖြူး ပေးနေသလိုအပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးနဲ့ ပူးပေါင်းပြီး သဘာဝဘေး ဆိုင်ရာ စီမံခန့်ခွဲမှုများ လက်တွေ့ဆောင်ရွက်နေတဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေ အပါအဝင် ဝန်ထမ်းတွေရဲ့ စွမ်းရည်မြှင့်တင်ဖို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနေတာ ဖြစ်ပါ တယ်။ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုကြောင့် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် ပစ္စည်းဥစ္စာနဲ့ လူသားအရင်းအမြစ်တွေ လူ့အသက်တွေ ဆုံးရှုံးမှုတွေဟာ ကျေးလက်ဒေသဖွံ့ဖြိုးရေး ကို အနှောင့်အယှက်ဖြစ်စေသလို ဆင်းရဲမှုကို တိုးမြှင့်စေတဲ့အကြောင်းရင်း တစ်ရပ်လည်း ဖြစ်နေပြန်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ သဘာဝဘေး အန္တရာယ်ဖြစ်ပေါ်ရခြင်း အကြောင်းရင်းများနဲ့ အကျိုးဆက်များကို သိရှိနားလည် စေပြီး ရပ်ရွာအဆင့်၊ မိသားစုအဆင့်နဲ့ ပြည်သူတစ်ဦးချင်းအတွက် ကြိုတင်ပြင်ဆင် ရေးနဲ့ တုံ့ပြန်ဆောင်ရွက်ရေး အစီအမံတွေကိုဆောင်ရွက်ရာမှာ လက်တွေ့အသုံးချ နိုင်မှာဖြစ်ပါတယ်။ ဒါဟာ ရပ်ရွာလူထုကိုအခြေပြုတဲ့ သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းစဉ်တွေပဲလို့ တောရောမြို့ပါ ရပ်ရွာလူထုနဲ့ လူမှုရေး အဖွဲ့အစည်းများအနေနဲ့ သဘာဝဘေးလျော့ပါးရေးဆိုင်ရာ အခြေခံဗဟုသုတတွေ၊ အသိပညာတွေ ပြည့်စုံကြွယ်ဝနေစေဖို့ကိုလည်း ပူးပေါင်းဆောင်ရွက်နေပါတယ်။

ဒီလိုဆိုရင်တော့ ခေတ်မီနေတဲ့ **"မီးသတိပြု"** သီချင်းကို ခေတ်မမီတော့တဲ့ ဂန္ထဝင်သီချင်းအဖြစ်သာ ရာဇဝင်ထဲမှာသာ ထားရစ်ခဲ့နိုင်ဖို့ ရပ်ရွာလူထုအခြေပြုတဲ့ သဘာဝဘေးအန္တရာယ်လျှော့ချရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန် မြှင့်တင်သွား ရာမှာ ပြည်သူအားလုံး ပူးပေါင်းပါဝင်မှုဟာ အရေးတကြီးလိုအပ်နေပြီဟု တပ်လှန့် နှိုးဆော်လိုက်ရပါကြောင်း။ ။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က အထက ကျောက်တံတား ကျောင်း ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာ ကို ကျောက်တံတားမြို့နယ် အုပ်ချုပ် ရေးမှူး ဦးအောင်ကျော်ဇေယျ ဖတ်ကြားစဉ်။

(ကြေးမုံ)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ပုဇွန်တောင်မြို့နယ် အလက(၃) ကျောင်းဝင်း၌ ကျင်းပရာ နိုင်ငံတော် သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းသူရ ဖတ်ကြား စဉ်။

(ကြေးမုံ)

ဇန်နဝါရီ ၄ ရက်က (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကို ပန်းတနော်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြဦး ဖတ်ကြားစဉ်။

(ကြေးမုံ)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က မော်လမြိုင်ကျွန်းမြို့ လွတ်လပ်ရေး ပန်းခြံဝင်း၌ ကျင်းပရာ နိုင်ငံတော် သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင် ဖတ်ကြားစဉ်။

(၃၆၄)

ဒီဇင်ဘာ ၂၇ ရက်က ကချင် ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ၌ မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲ ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဦး အမှာစကားပြောကြားစဉ်။

(ထွေ/အုပ်)



မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

ပြည်တွင်းအလှမွေးငါးမျိုးများ သားဖောက်၍ ရာသီမရွေးပမာဏများစွာတင်ပို့နိုင်မှ အလားအလာကောင်းနိုင်

ရန်ကုန် ဇန်နဝါရီ ၆

အလှမွေးငါးမွေးမြူသော လုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းအလှမွေး ငါးမျိုးစိတ်များကို သားဖောက်ပြီး ရာသီ မရွေးပမာဏတိုးမြှင့် တင်ပို့နိုင်ပါက အလားလာကောင်းသော လုပ်ငန်းဖြစ်လာ နိုင်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

အဆိုပါ အလှမွေးငါးများမှာ လုပ်ငန်း ပမာဏသေးငယ်သည့် တစ်ပိုင်တစ်နိုင် လုပ်ငန်းများဖြစ်ခြင်းကြောင့် လက်ရှိအခြေ အနေတွင် အခက်အခဲမရှိသော်လည်း ပြည်တွင်း အလှမွေးငါးမျိုးစိတ်များကို ပြည်ပတင်ပို့ရောင်းချသည့် လုပ်ငန်းမှာ သဘာဝကို အခြေခံကာ လုပ်ကိုင် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ရေရှည် တွင် ပုံမှန်တင်ပို့နိုင်မှုမှာ သဘာဝအခြေ အနေနှင့် ရာသီဥတုအခြေအနေတို့ပေါ် တွင် မှီတည်နေလျက်ရှိကြောင်း သိရ သည်။ ထို့ကြောင့် ပြည်တွင်းအလှမွေး ငါးမျိုးစိတ်များကို သားဖောက်ကာ ရာသီမရွေးပမာဏတိုးမြှင့် တင်ပို့ခြင်းဖြင့် အလားလာကောင်းသည့် လုပ်ငန်း ဖြစ်လာနိုင်ခြင်းပင်ဖြစ်သည်ဟု သိရသည်။

နိုင်ငံတကာဈေးကွက်တွင် ဈေးကောင်း ရသော ပြည်ပမျိုးစိတ်အလှမွေးငါးများကို ပြည်တွင်းသို့ တင်သွင်းကာ ပြည်တွင်း ပြည်ပဈေးကွက်ဝင် ငါးမျိုးစိတ်များ သားဖောက်ထုတ်လုပ်နိုင်သော အလှမွေး ငါးထုတ်လုပ်မွေးမြူရေးဇုန် တည်ထောင် ပြီးအလှမွေးငါး သားဖောက်မွေးမြူ ထုတ်လုပ်သည့်လုပ်ငန်းကို စနစ်တကျ ဆောင်ရွက်၍ ပြည်တွင်းပြည်ပ ဈေးကွက် များသို့ ပိုမိုတင်ပို့ရောင်းချနိုင်မည်ဆိုပါက ကျယ်ပြန့်သော စီးပွားရေးလုပ်ငန်းတစ်ခု ပေါ်လာနိုင်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်အကြံပြု ပြောကြားသွားခဲ့ သည်။ (၆၈၀)

ဥတုရာသီ တောကိုမှီ၏

ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီးနှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၆

ဗြိတိန် နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး မစ္စတာ ဝီလီယံ ဂျက်ဖာဆန်ဟေ့ဂ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဗြိတိသျှကောင်စီ၌ ရန်ကုန်မြို့ရှိ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းမဂ္ဂဇင်းနှင့် ဂျာနယ်များမှ စာတည်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ မြန်မာနိုင်ငံခရီးစဉ်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီးနှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်အား သွားရောက်ကြည်ညိုကြပြီး ညပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိသည်။ **ထူးခြားသည့် ညအပူချိန်များမှာ** နမ့်စန်မြို့၊ ပင်လောင်းမြို့နှင့် ဟားခါးမြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** မြိတ်မြို့တွင် သုည ဒသမ ၀၄ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျားမိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်နိုင်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် စခန်းသွင်းလေ့ကျင့်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်မှုများကို ယခုကတည်းက ပြုလုပ်ကြရန်၊ နည်းစနစ်မှန်မှန်၊ ပြင်းပြင်းထန်ထန် စည်းကမ်းတကျလေ့ကျင့်၍ အောင်မြင်မှုအမြင့်မားဆုံးရရှိနိုင်အောင် ကြိုးစားဆောင်ရွက်သွားကြရန်၊ နေပြည်တော် ဗဟိုအားကစား လေ့ကျင့်ရေးစခန်း (ရွှေကြာပင်)၌ အားကစားအဖွဲ့အသီးသီး စုစည်းလေ့ကျင့်သွားရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရန်မှာကြားသည်။

အစည်းအဝေးတွင် DONGLUC JOINT STOCK Co.,Ltd. VIETNAM မှ ဌာနေကိုယ်စားလှယ် ဦးမျိုးမင်းက ငွေကျပ် ၄၅၇၈၂၀၀ တန်ဖိုးရှိ အားကစားပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ယာပုံ)** (သတင်းစဉ်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကိုယ့်အားကိုယ်ကိုး ကျေးလက်ကတ္တရာလမ်းသစ်ဖွင့်

နေပြည်တော် ဇန်နဝါရီ ၆

၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် မုဒုံမြို့နယ် ညောင်ကုန်း-ကျိုက်ရွဲ ကိုယ့်အားကိုယ်ကိုး ကျေးလက်ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါလမ်း၌ ကျင်းပသည်။

ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်သည် အရှည်ပေ ၅၄၇၀ နှင့် အကျယ် ၁၂ ပေရှိပြီး ပြည်သူများက ငွေကျပ် ၅၈၅ သိန်း အကုန်အကျခံ ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ကိုယ့်အားကိုယ်ကိုး ကတ္တရာ လမ်းသစ်မုခ်ဦးကို ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်သည် မုဒုံမြို့ ဗဟိုစိုက်ပျိုးရေးခြံသို့ သွားရောက်ပြီး နွေစပါးစိုက်ပျိုးရန် ပျိုးထောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုး သတိပြု

မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၆

မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့မီးငြိမ်းသတ်ရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဇန်နဝါရီ ၂ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အိတ်ချိန်း၌ ကျင်းပရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးချစ်လှ၊ ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ရဲသူရဦးသော်ဒါနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်နယ်ဆက်သွယ်ရေးမန်နေဂျာ ဦးတင်စိုးလွင်နှင့် ဝန်ထမ်းများတက်ရောက်ကြပြီး ပြည်နယ်မီးသတ်ဦးစီးဌာနမှူးက မီးဘေးကြိုတင်ကာကွယ်ရေး၊ လက်တွေ့မီးငြိမ်းသတ်ရေးတို့ကို အသိပညာပေးဟောပြောကာ လက်တွေ့မီးငြိမ်းသတ်မှုကို သရုပ်ပြခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကယားပြည်နယ် လွိုင်ကော်မြို့ မြန်မာ့ဆက် သွယ် ရေး လုပ်ငန်း အိတ်ချိန်း၌ မီးဘေးကြိုတင် ကာကွယ်ရေးနှင့် လက်တွေ့ မီးငြိမ်း သတ်ရေးသရုပ်ပြပွဲ ကျင်းပစဉ်။
(သတင်းစဉ်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ဖရူဆိုမြို့၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၆

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် ကယားပြည်နယ် ဖရူဆိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း၌ ကျင်းပရာ လွှတ်တော်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူးက ဖတ်ကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တာဝေးအပြေးပြိုင်ပွဲ တပ်ကုန်း၌ ကျင်းပ

တပ်ကုန်း ဇန်နဝါရီ ၆

နေပြည်တော် တပ်ကုန်းမြို့ အနော်ရထာရပ်ကွက် ရွှေသင်ခါပညာရေးဖွံ့ဖြိုးမှုဖောင်ဒေးရှင်းနှင့် အလင်းအိမ်စာကြည့်တိုက်တို့မှ ကြီးမှူးကျင်းပသည့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အမျိုးသားတာဝေးအပြေးပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၆ နာရီက ဗျိုင်းအင်းဘူတာမှ တာလွှတ်ပွဲကျင်းပသည်။ ဆက်လက်၍ ဆုပေးပွဲကို အလင်းအိမ်စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူက ပထမ၊ ဒုတိယ၊ တတိယဆုများကို ပေးအပ်ချီးမြှင့်၍ **(အောက်ပုံ)** နှစ်သိမ့်ဆုများအား စာကြည့်တိုက်ကော်မတီဝင်များက ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(၀၉၂)

ဒီဇင်ဘာ ၂၆ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အားကစားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့် သက္ကယ်ကုန်းကျေးရွာအုပ်စု ဘောလုံးအသင်းအား မြို့နယ်ပညာရေးမှူး ဦးစိန်သန်းအောင်က ဒိုင်းဆုကြီးပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကျောင်းကျန်းမာရေး ပညာပေးဟောပြော၊ လက်သန့်ရှင်းရေးသရုပ်ပြ

နေပြည်တော် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကျန်းမာရေးဟောပြောခြင်းနှင့် သန့်ရှင်းရေးသုံးပစ္စည်းများ၊ အလှူငွေများ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ပုရွက်ဆိတ်ကုန်းကျေးရွာအုပ်စု သစ်လေးလုံးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က အမှာစကားပြောကြားပြီး ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် သန့်ရှင်းရေးသုံးပစ္စည်းများနှင့် အလှူငွေကျပ် ငါးသိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်ရင်လှထံ ပေးအပ်လှူဒါန်းကြသည်။

သရုပ်ပြ

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ လက်ထောက်ဆရာဝန်များက ကျောင်းကျန်းမာရေးဆိုင်ရာများ ပညာပေးဟောပြောကြပြီး လက်သန့်ရှင်းရေး သရုပ်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ်၏ မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းမှာကြားခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဥပဒေချုပ် ဦးဝင်းကြည်က ပြည်နယ်အတွင်းရှိ ဥပဒေအရာရှိများအား ထပ်ဆင့်ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွတ်လပ်ရေးနေ့ဂုဏ်ပြု ပြည်တော်သာဈေးသစ်ဖွင့်

နေပြည်တော် ဇန်နဝါရီ ၆

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ ပြည်တော်သာဈေးသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၁၁ နာရီတွင် ကျင်းပသည်။ အဆိုပါဈေးသစ်သည် ဈေးရုံသုံးရုံ၊ ဆိုင်ခန်း ၇၂ ခန်းနှင့် ဈေးခုံ ၉၆ ခုံ ပါရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေး အဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

မီးသတ်ဦးစီးဌာန

နှစ်သစ်ကိုကြို နှစ်ဟောင်းကို နှုတ်ဆက်ရင်း နှစ်ဦးအောင်ပန်းကို ဆင်မြန်းပေးနိုင်ခဲ့သည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီး

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ ➤ ရန်ကြီးအောင်

၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကြီးကား အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပေပြီ။ နေပြည်တော်တွင် ပဉ္စမအကြိမ်အဖြစ် ကျင်းပသည့် အဆိုပါ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီးကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှ ၂၀၁၂ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ မဏိရတနာ ကျောက်စိမ်းခန်းမကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ပြပွဲကြီးတွင် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များက အပြိုင်အဆိုင် ကြိုက်ဈေးပေး၍ ဝယ်ယူခဲ့ကြသည်ကို တွေ့ရသည်။

၁၀ ရက်ကြာ ကျင်းပခဲ့သည့် အဆိုပါပြပွဲသို့ နိုင်ငံခြားနိုင်ငံမှ ရတနာကုန်သည် ၁၆၅၅ ဦးနှင့် ပြည်တွင်းရတနာကုန်သည် ၃၈၉၃ ဦး၊ စုစုပေါင်း ရတနာကုန်သည် ၅၅၄၈ ဦး တက်ရောက်ခဲ့ကြသည်။ ပြပွဲတွင် ပုလဲအတွဲများကို ဒီဇင်ဘာ ၂၄ ရက်နှင့် ၂၆ ရက်တို့တွင် လည်းကောင်း၊ ကျောက်မျက်ရတနာအတွဲများကို ဒီဇင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် လည်းကောင်း၊ ကျောက်စိမ်းအတွဲများကို ဒီဇင်ဘာ ၂၇ ရက်မှ ဇန်နဝါရီ ၃ ရက်အထိလည်းကောင်း တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် ပြသရောင်းချပေးခဲ့သည်။

ပုလဲရောင်းချပွဲတွင် တင်ဒါစနစ်ဖြင့် ပုလဲအတွဲပေါင်း ၂၂၄ တွဲနှင့် ဈေးပြိုင်စနစ်ဖြင့် ၄၃ တွဲ၊ စုစုပေါင်း ၂၆၇ တွဲကို ပြသရောင်းချပေးခဲ့သည်။ ယင်းရောင်းချပွဲသို့ ပြည်တွင်းပုလဲကုန်သည် ၂၄ ဦးနှင့် ပြည်ပပုလဲကုန်သည် ၁၃ ဦး စုစုပေါင်း ၃၇ ဦးတို့ တက်ရောက်ကြပြီး တင်ဒါစနစ်ဖြင့် ၁၇၃ တွဲနှင့် ဈေးပြိုင်စနစ်ဖြင့် အတွဲ ၄၀ စုစုပေါင်း ၂၁၃ တွဲကို အပြိုင်အဆိုင်ဈေးပေး၍ ဝယ်ယူခဲ့ကြသည်။ ပုလဲရောင်းချပွဲတွင် တန်ဖိုးအများဆုံးပေး၍ ဝယ်ယူသူဆုကို ပြည်တွင်းကုန်သည်တစ်ဦးဖြစ်သည့် စိန်ပုလဲရတနာဆိုင်မှ ဒေါ်အေးအေးမွန်က ရရှိခဲ့သည်။

ကျောက်မျက်ရတနာ ရောင်းချပွဲတွင် တင်ဒါစနစ်ဖြင့် ၁၇၆ တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ၅၄ တွဲ စုစုပေါင်း အတွဲ ၂၃၀ ကို ပြသရောင်းချပေးခဲ့သည်။ ပြပွဲသို့ ထိုင်းနိုင်ငံမှ ရတနာကုန်သည် ၂၃ ဦး၊ တရုတ်နိုင်ငံမှ တစ်ဦးနှင့် ပြည်တွင်းကျောက်မျက်လုပ်ငန်းရှင် ၃၃ ဦးတို့ တက်ရောက်ဝယ်ယူခဲ့ကြသည်။

ကျောက်မျက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းသန်းတင်က ကျောက်မျက်ရောင်းချရမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် "ဒီဇင်ဘာ ၂၄ ရက်နေ့မှာ ကျောက်မျက်အတွဲတွေကို ကုန်သည်တွေ ကြည့်ရှုလေ့လာ ရွေးချယ်နိုင်အောင် ပြသပေးပါတယ်။ ဒီဇင်ဘာ ၂၆ ရက်နေ့မှာ တင်ဒါစနစ်ရော၊ ဈေးပြိုင်စနစ်နဲ့ပါ တစ်နေ့တည်းအပြီး ရောင်းချပေးခဲ့ပါတယ်။ တင်ဒါစနစ်နဲ့ ၁၆ တွဲ၊ ဈေးပြိုင်စနစ်နဲ့ ၂၃ တွဲ စုစုပေါင်း ၃၉ တွဲ ရောင်းချပေးနိုင်ခဲ့ပါတယ်။ ဒီဇင်ဘာ ၂၇ ရက်မှာတော့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် စီးပွားရေးဦးပိုင်လီမိတက်ရဲ့ ကျောက်မျက်တွေကို ရောင်းချပေးခဲ့ပါတယ်" ဟု ပြောကြားသည်။

ရောင်းချပေးခဲ့ရသည့် ကျောက်မျက်ရတနာများမှာ မိုးကုတ်ကျောက်မျက် မျိုးစုံအတွဲ ၂၀ ၊ မိုင်းရှူးပတ္တမြားရိုင်း ၁၇ တွဲနှင့် နန့်ယားပတ္တမြားရိုင်းနှစ်တွဲ စုစုပေါင်း ၃၉ တွဲဖြစ်သည်။

နေပြည်တော်တွင် ကျင်းပခဲ့သည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်ရတနာများကို ရောင်းချပေးခဲ့ရာ၌ တင်ဒါစနစ်ဖြင့် ရှစ်တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ၂၂ တွဲ စုစုပေါင်းအတွဲ ၃၀၊ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ၌ တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် ၁၉ တွဲစီ စုစုပေါင်း ၃၈ တွဲကို ရောင်းချပေးနိုင်ခဲ့သည်။ ယခုကျင်းပသည့် ပြပွဲက ယခင်ပြပွဲများကထက် ကျောက်မျက်အတွဲ ပိုမိုရောင်းချရသည်ကို တွေ့ရသည်။ ကျောက်မျက်ရတနာအများဆုံး ဝယ်ယူသူဆုကို ကျောက်စိမ်းနဂါးကုမ္ပဏီမှ ဦးခင်ဇော်က ရရှိခဲ့သည်။ ယခုပြပွဲတွင် ကျောက်မျက်ရတနာအရိုင်းများကိုသာမက အချောထည်လက်ဝတ်ရတနာများကိုလည်း ပြသရောင်းချပေးခဲ့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် စီးပွားရေးဦးပိုင်လီမိတက်က တင်ဒါစနစ်ဖြင့် ၁၆၃ တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ငါးတွဲ စုစုပေါင်းကျောက်မျက် ၁၆၈ တွဲကို မြန်မာကျပ်ငွေဖြင့် ရောင်းချပေးခဲ့ရာ ပြည်တွင်းရတနာကုန်သည်များက တင်ဒါစနစ်ဖြင့် ၁၄၉ တွဲ၊ ဈေးပြိုင်စနစ်ဖြင့် လေးတွဲ၊ စုစုပေါင်း ၁၅၃ တွဲကို ဝယ်ယူခဲ့ကြကြောင်း သိရှိရသည်။

ပုလဲနှင့် ကျောက်မျက်ရောင်းချပွဲများကို မြန်မာ့ကျောက်မျက်ရတနာပြတိုက် ရတနာဈေးအထပ်တွင် ပြသရောင်းချပေးခဲ့ခြင်းဖြစ်သည်။

ကျောက်စိမ်းရောင်းချပွဲကိုမူ မဏိရတနာကျောက်စိမ်းခန်းမရှိ ပြပွဲခန်းမတွင် ပြသရောင်းချပေးခဲ့သည်။ ရောင်းချပေးမည့် ကျောက်စိမ်းအတွဲများကို မဏိရတနာ ကျောက်စိမ်းခန်းမဝင်းအတွင်းနှင့် ကျောက်စိမ်းခန်းမတို့တွင် ဇရိယာအလိုက်ခင်းကျင်းပြသထားရာ ဒီဇင်ဘာ ၂၂ ရက်မှ စတင်၍ ရတနာကုန်သည်များက ကျောက်စိမ်းအတွဲများအား စိတ်ဝင်တစားကြည့်ရှုရွေးချယ် မှတ်သားကြပြီး တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်း အဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ဒီဇင်ဘာ ၂၇ ရက်မှ ၃၁ ရက်အထိ ကျောက်စိမ်းအတွဲပေါင်း ၁၁၅၉၂ တွဲကို တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များက အတွဲပေါင်း ၈၂၀၁ တွဲကို အမြင့်ဆုံးဈေးနှုန်းပေး၍ ဝယ်ယူခဲ့ကြသည်။ ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ ကျောက်စိမ်းအတွဲပေါင်း ၂၂၉ တွဲကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးခဲ့ရာတွင်လည်း ၈၉ တွဲ ရောင်းချနိုင်ခဲ့သည်။ ထို့ကြောင့် ယခုပြပွဲတွင် ကျောက်စိမ်းအတွဲစုစုပေါင်း ၈၂၉၀ ကို ရတနာကုန်သည်များက ဝယ်ယူခဲ့ကြသည်။ ရာခိုင်နှုန်းအားဖြင့် တင်ဒါစနစ်တွင် ၇၀ ဒသမ ၇၅ ရာခိုင်နှုန်း၊ ဈေးပြိုင်စနစ်တွင် ၃၈ဒသမ၈၇ ရာခိုင်နှုန်း ရောင်းချနိုင်ခဲ့ခြင်းဖြစ်သည်။ ကျောက်စိမ်းအတွဲအများဆုံးဝယ်ယူသူဆုကို ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသမှ Mr. Lin Xinbin က ရရှိခဲ့သည်။

ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးနေစဉ်။

ထို့ပြင် ကျောက်စိမ်းအချောထည်များကိုလည်း ယခုပွဲတွင် စတင်ပြသရောင်းချပေးခဲ့ရာ လက်ကောက် ၅၈၇၀၀ ကွင်း အပါအဝင် ပုတီးစေ့၊ လက်စွပ်၊နားကပ်စသည့် ရတနာပစ္စည်းများတွင် အဆင်သင့်တပ်ဆင်ဝတ်ဆင်နိုင်သည့် လုံးချောစေ့များ၊ လွှာချပ်များ၊ ရုပ်တု၊ရုပ်ထွင်းစသည့် အချောထည်အများအပြား ရောင်းချခဲ့ရကြောင်း သိရှိရသည်။

ကျောက်စိမ်းလုပ်ငန်း ကော်မတီ အတွင်းရေးမှူးဖြစ်သူ ဦးဖေခင်က "ယခုပြပွဲမှာ တက်ရောက်လာတဲ့ ကုန်သည်အရေအတွက် နည်းပေမယ့် အရင်ပြပွဲများအတိုင်း အပြိုင်အဆိုင် ဈေးပေးဝယ်ယူကြလို့ ရောင်းရတဲ့ ရာခိုင်နှုန်း လျော့နည်းမသွားပါဘူး။ ဒါ့အပြင် တင်ဒါစနစ်မှာရော၊ ဈေးပြိုင်စနစ်မှာပါ အခြေခံဈေးတွေတိုးမြှင့်ထားတဲ့ အတွက် ကျောက်စိမ်းအတွဲတွေကို ထိုက်တန်တဲ့ ဈေးနှုန်းနဲ့ ရောင်းချနိုင်ခဲ့ပါတယ်" ဟု ကျောက်စိမ်းရောင်းချရမှုနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ထို့အပြင် မန္တလေးမြို့တွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာအချောထည်လုပ်ငန်း One Stop Service Center ကို ဖွင့်လှစ်ထားပြီးဖြစ်သည့် အတွက် ရတနာအချောထည်များ ပြုလုပ်ရန် ကုန်ကြမ်းလိုအပ်လာခဲ့ရာ ပြည်တွင်းကုန်သည်များကလည်း ပြည်ပကုန်သည်များနှင့်အပြိုင် ဈေးပေးဝယ်ယူလာကြကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ပြပွဲကြီးနှင့်အတူ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ပြပွဲခန်းမအတွင်း၌ ကျောက်မျက်ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ရောင်းချခွင့်ပေးခဲ့ပြီး စားသောက်ဆိုင်များကိုလည်း ဖွင့်လှစ်ပေးခဲ့ရာ ပြပွဲလာရတနာကုန်သည်များလွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ကြသည်ကို တွေ့ရသည်။ ကျောက်မျက်ရတနာများ ရောင်းချရမှုနှင့်ပတ်သက်၍ အရောင်းဆိုင်ရှင်တစ်ဦးဖြစ်သူ ဦးမောင်မောင်ဆန်းက"ယခုပြပွဲမှာလည်း ယခင်ပြပွဲများနည်းတူ လက်ဝတ်ရတနာတွေကိုစိတ်ဝင်တစား လာရောက်ဝယ်ယူကြပါတယ်၊ အထူးသဖြင့် တရုတ်ကုန်သည်တွေသာမက ဗီယက်နမ်ကုန်သည်တွေကလည်း မြန်မာ့ကျောက်စိမ်းကို နှစ်သက်လာပြီး ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်နဲ့ ရုပ်တုတွေကို အားတက်သရောဝယ်ယူလာတာကို တွေ့ရပါတယ်"ဟု ရှင်းပြသည်။ ကျောက်မျက်အချောထည်များကို ပြည်ပရတနာကုန်သည်များ နှစ်သက်လက်ခံလာကြသဖြင့် နေပြည်တော်၌ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာအချောထည်လုပ်ငန်း One Stop Service Centerကို ဖွင့်လှစ်ပါက ဝင်ရောက်လုပ်ကိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် မြန်မာ့ကျောက်မျက်ရတနာဈေးကွက်ကို မြန်မာ့မြေမှာပင် အစဉ်ရှင်သန်ဖြစ်ထွန်းနေစေရေးအတွက် ကျောက်မျက်ရတနာပြပွဲများ၊ အထူးရောင်းချပွဲများကို တစ်ပွဲထက်တစ်ပွဲ ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ကြိုးပမ်း ဆောင်ရွက်မှုကြောင့်ပင် ကျောက်မျက်ရတနာ ပြပွဲများကို တစ်နှစ်လျှင်သုံးကြိမ် ကျင်းပပေးနိုင်ခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ အချက်အချာကျသော မြို့တော်နေပြည်တော်၌ ပြပွဲများကို အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ရာ ယခင်ရတနာပြပွဲများကထက် ပိုမိုစည်ကားလာခဲ့ပြီး ကျောက်မျက်ရတနာများကိုလည်း ထိုက်သင့်သည့် ဈေးနှုန်းဖြင့် ပိုမိုတိုးမြှင့်ရောင်းချနိုင်ခဲ့သည်။

ထို့အတူ ကျောက်စိမ်းနှင့် ကျောက်မျက်အချောထည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ကျောက်စိမ်းနှင့် ကျောက်မျက်အချောထည်များကို ထိုက်သင့်သည့် အခွန်ငွေကောက်ခံပြီး ပြည်ပနိုင်ငံများသို့ ကုန်းကြောင်း၊ ရေကြောင်းနှင့် လေကြောင်း ခရီးတို့ဖြင့် လွယ်ကူချောမွေ့စွာ ပို့ဆောင်နိုင်ရန် One Stop Service Center များကို နေပြည်တော်၊ မန္တလေးနှင့် ရန်ကုန်မြို့တို့တွင် ဖွင့်လှစ်ရန်ဆောင်ရွက်နေရာ ယခုအခါ မန္တလေးမြို့၌ နိုဝင်ဘာ ၈ ရက်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

မန္တလေးမြို့ဝန်းကျင်တွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာအချောထည်လုပ်ငန်းဖြင့် အသက်မွေးဝမ်း

☆ **ကျောဖုံးမှ**

လက်တွေ့အသုံးပြုခြင်းဖြင့် ဒေသအလိုက် မိသားစုတစ်စုချင်းစီမှ တစ်နယ်လုံး ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေး ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းဒေသ အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းဧက ၁၀၀ စိုက်ကွင်း၌ ပုလဲသွယ်စပ်မျိုးစပါး မျိုးယှဉ်ပြိုင်စိုက်ပျိုးရန် ပျိုးပေါင်များ ပြင်ဆင်ဆောင်ရွက်အကောင်အထည်ဖော်နေမှုများ၊ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီးရှိ တောင်သူပညာပေးဧက ၄၀ စိုက်ကွင်း၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဗီယက်နမ်မျိုးစေ့ထုတ်ကုမ္ပဏီ Vietranimex ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သည့် ပုလဲသွယ် ၅၉ ရက်သား သက်တမ်းရှိ ဗီယက်နမ်စပ်မျိုးစပါး မျိုး ၁၁ မျိုး ယှဉ်ပြိုင်သုတေသန စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စပါးခင်းအနီး ဗီယက်နမ်မျိုး နဂါးမောက်သီးပင် သုတေသနအပင် ၁၀၀ စမ်းသပ်စိုက်ခင်း၏ ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပထမအဆင့် နဂါးမောက်အပင် ၁၀၀၀ အထိ တိုးချဲ့စိုက်ပျိုးအကောင်အထည်ဖော်သွားရန်နှင့် ဒေသနှင့် ကိုက်ညီအောင်မြင်ဖြစ်ထွန်းမှုအပေါ် မူတည်၍ တောင်သူလယ်သမားများအား အခမဲ့ဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၁-၂၀၁၂ (စနေနေ့)

AM & PM

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	"အစွန်းနှစ်ဖက်သို့ မကပ်ပါမှ" တရားတော် (ဆရာတော်ဦးယောသိတ)
၆:၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၇၉)**
၇:၃၀	MRTV-4 သတင်း
၈:၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွန်ရာ" (အပိုင်း-၃၂)**
၈:၄၅	Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၂၀)
၈:၅၀	လူရွှင်တော် 5 Star အငြိမ့် (အပိုင်း-၁)
၉:၃၅	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၀၀	ဓမ္မရံသီ ဉာဏ်ရောင်ခြည် အိမ်တော်ရာမြတ်စေတီ
၁၀:၁၅	သမိုင်းတွင်မည့် မြန်မာနိုင်ငံလုံး ဆိုင်ရာ ပန်းချီပြပွဲ
၁၀:၄၀	သွားမယ်စားမယ်
၁၁:၀၀	စာအုပ်စာပေလူ့မိတ်ဆွေ
၁၁:၂၀	ရန်ကုန်စက်မှုတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ပုလဲရတု မြတ်ဆရာပူဇော်ပွဲ (၁၉၇၅-၈၁)
၁၁:၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၁၇)**
၁၂:၂၅	Activities In The City
၁၂:၄၀	လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ ကျန်းမာရေး (အပိုင်း-၂) (ပါမောက္ခဒေါက်တာချယ်ရီ) သန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်းနီ)
၁:၀၀	"အစွန်းနှစ်ဖက်သို့ မကပ်ပါမှ" တရားတော် (ဆရာတော်ဦးယောသိတ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွန်ရာ" (အပိုင်း-၃၂)**
၃:၀၅	ရိုးရာမပျက် ဆင်ယင်နွဲ အရှေ့ပိုင်းရှမ်းရဲ့ ဗုဒ္ဓပူဇနိယပွဲ (အပိုင်း-၁)
၃:၃၀	MNL (Yangon United FC Vs Zeyar Shwe Myay FC) (LIVE)
၅:၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်"(အပိုင်း-၁၈)**
၆:၀၀	MRTV-4 သတင်း
၆:၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၈၀)**
၇:၁၅	လူရွှင်တော် 5 Star အငြိမ့် (အပိုင်း-၂)
၈:၀၀	MRTV-4 သတင်း
၈:၃၀	Road To Four FLAVOURS Show
၈:၄၀	ဂဏန်းသင်္ချာပျော်စရာ
၉:၁၅	Fashion Week
၉:၂၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွန်ရာ" (အပိုင်း-၃၃)**
၁၀:၁၀	နည်းပညာသစ်များနှင့် ရှင်သန်နေတဲ့ VFRDC
၁၀:၂၅	Kid's Show
၁၀:၅၅	Movie Talk
၁၁:၁၅	VJ Choice
၁၁:၄၀	Sewing Mill "Shinsung" (ရွှေပေါက်ကံစက်မှုဇုန်)
၁၁:၅၅	ဟိုတယ်လမ်းညွှန်
၁၂:၃၀	သူတို့ပြောတဲ့သူတို့အကြောင်း
၁:၀၀	မမေ့နိုင်ပါပြီ. . . ကမ္ဘောဇအလှဌာနီ
၁:၂၀	World of Knowledge
၂:၀၅	Regional Handicrafts
၂:၅၀	မုံရွာမြို့သို့အလည်တစ်ခေါက်
၃:၁၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄:၁၀	ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)၏ မသန်စွမ်းသူများအတွက် Barrier Free
၄:၃၅	ပတ္တမြားမြေမှ ကြည်ညိုသပ္ပာယ် ဖွယ်ရာ တန်ခိုးကြီးစေတီများ
၄:၄၅	ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ထင်ပေါ်မန္တလေးမြို့က ကျောက်စာတော် စေတီတော်
၅:၀၀	အစီအစဉ်ပြီး။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၀၀	Birmingham City - Wolves	(Star Sports)
၉:၂၅	Macclesfield Town - Bolton	(Star Sports)
၉:၂၅	Fleetwood Town - Blackpool	(ESPN)
၁၁:၂၅	Bristol Rovers - Aston Villa	(Star Sports)

* ပွဲစဉ်အပြောင်းအလဲ ရှိနိုင်ပါသည်။

မဏိရတနာကျောက်စိမ်းခန်းမရှိ ကျောက်မျက်ရတနာအရောင်းဆိုင်တစ်ခုတွင် စိတ်ဝင်တစားဝယ်ယူသူများအား တွေ့ရစဉ်။

ရတနာအရောင်းအဝယ်လုပ်ငန်း One Stop Service Centerကို ဖွင့်လှစ်ပါက ဝင်ရောက်လုပ်ကိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် မြန်မာ့ကျောက်မျက်ရတနာဈေးကွက်ကို မြန်မာ့မြေမှာပင် အစဉ်ရှင်သန်ဖြစ်ထွန်းနေစေရေးအတွက် ကျောက်မျက်ရတနာပြပွဲများ၊ အထူးရောင်းချပွဲများကို တစ်ပွဲထက်တစ်ပွဲ ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ကြိုးပမ်း ဆောင်ရွက်မှုကြောင့်ပင် ကျောက်မျက်ရတနာ ပြပွဲများကို တစ်နှစ်လျှင်သုံးကြိမ် ကျင်းပပေးနိုင်ခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ အချက်အချာကျသော မြို့တော်နေပြည်တော်၌ ပြပွဲများကို အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ရာ ယခင်ရတနာပြပွဲများကထက် ပိုမိုစည်ကားလာခဲ့ပြီး ကျောက်မျက်ရတနာများကိုလည်း ထိုက်သင့်သည့်ဈေးနှုန်းဖြင့် ပိုမိုတိုးမြှင့်ရောင်းချနိုင်ခဲ့သည်။

ထို့အတူ ကျောက်စိမ်းနှင့် ကျောက်မျက်အရောင်းအဝယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ကျောက်စိမ်းနှင့် ကျောက်မျက်အရောင်းအဝယ်များကို ထိုက်သင့်သည့် အခွန်ငွေကောက်ခံပြီး ပြည်ပနိုင်ငံများသို့ ကုန်းကြောင်း၊ ရေကြောင်းနှင့် လေကြောင်းခရီးတို့ဖြင့် လွယ်ကူချောမွေ့စွာ ပို့ဆောင်နိုင်ရန် One Stop Service Center များကို နေပြည်တော်၊ မန္တလေးနှင့် ရန်ကုန်မြို့တို့တွင် ဖွင့်လှစ်ရန်ဆောင်ရွက်နေရာ ယခုအခါ မန္တလေးမြို့၌ နိုဝင်ဘာ ၈ ရက်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

မန္တလေးမြို့ဝန်းကျင်တွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာအရောင်းအဝယ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူ လေးသိန်းခန့်ရှိသည်။ မန္တလေးနှင့်စစ်ကိုင်းမြို့များတွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများ၊ အင်ကြင်းကျောက်၊ သလင်းကျောက်စသည်တို့ဖြင့် ပြုလုပ်သည့် ကျောက်စိမ်းလက်ကောက်၊ ပုတီးစေ့၊ လွှာချပ်၊ရုပ်တု၊ ရုပ်ထွင်းစသည့် အရောင်းအဝယ်ပြုလုပ်ခြင်းလုပ်ငန်းများ အောင်မြင်ထွန်းကားလျက်ရှိသည်။ ထွက်ရှိလာသည့် ကျောက်စိမ်းနှင့် ကျောက်မျက် အရောင်းအဝယ်များကို ပြည်ပသို့တရားဝင် တင်ပို့နိုင်ရန်အတွက် မန္တလေးမြို့ရှိ အမှတ်(၂၂၄)၊ (၃၄) လမ်း၊ (၈၄×၈၅) လမ်းကြားတွင်ဖွင့်လှစ်ထားသည့် One Stop Service Center တွင် အခွန်ပေးဆောင်စေပြီး မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်သို့ တင်ပို့ရောင်းချလျက်ရှိရာ ကျောက်စိမ်းလက်ကောက် ငါးသိန်းခန့်၊ ပုတီးစေ့၊ လွှာချပ်နှင့် ကျောက်စိမ်းဝါရှာပြား ၁၂ တန်ခန့် ရောင်းချနိုင်ခဲ့ပြီးဖြစ်ကြောင်း မေးမြန်းသိရှိရသည်။ တစ်နေ့လျှင် ကုန်သေတ္တာတင်ယာဉ် တစ်စီးနှုန်း ပို့ဆောင်ပေးနေရကြောင်းဖြင့်လည်း အဆိုပါလုပ်ငန်းကို လုပ်ကိုင်နေသူတစ်ဦးက ပြောကြားသည်။

ထိုသို့ ကျောက်စိမ်းနှင့် ကျောက်မျက်အရောင်းအဝယ်လုပ်ငန်း ပိုမိုအောင်မြင်လာသည်နှင့်အမျှ ကုန်ကြမ်းရရှိနိုင်သည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများသည်လည်း ယခင်ကထက် ရောင်းချရမှုအရေအတွက် ပိုမိုများပြားလာပြီး ဈေးနှုန်းလည်း ပိုမိုတိုးတက်မြင့်မားရရှိလာနိုင်ဖွယ်ရှိသည်။ ယခုကျင်းပခဲ့သည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင်လည်း ကုန်ကြမ်းလိုအပ်ချက်အရ ပြည်တွင်းရတနာကုန်သည်များက ပြည်ပရတနာကုန်သည်များနှင့် အပြိုင်ဈေးပေး၍ ပိုမိုဝယ်ယူခဲ့ကြသည်ကို တွေ့ရသည်။

အချုပ်ဆိုရလျှင် ၂၀၁၁ခုနှစ်အကုန် ၂၀၁၂ခုနှစ်အကူးတွင် ကျင်းပခဲ့သည့် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီးသည်ကား အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပေပြီ။ နှစ်သစ်ကို ကြိုဆို၍ နှစ်ဟောင်းကိုလည်း လက်ပြနှုတ်ဆက်ခဲ့သည်။ ၂၀၁၁ခုနှစ်သည် မြန်မာနိုင်ငံအတွက် အလွန်ထူးခြားလေးနက်ပြီး အနှစ်သာရပြည့်ဝသည့် နှစ်တစ်နှစ်ဖြစ်ခဲ့သည်။ တည်ငြိမ်ညင်သာချောမွေ့စွာဖြင့် နိုင်ငံရေးစနစ်ကို အသွင်ကူးပြောင်းနိုင်ခဲ့သည်။ နိုင်ငံတကာဆက်ဆံရေး ကဏ္ဍကို တိုးမြှင့်နိုင်ခဲ့သည်။ နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် စည်းလုံးညီညွတ်မှု ပိုမိုတိုးတက်ခိုင်မာလာခဲ့သည်။ နိုင်ငံရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှု အလားအလာကောင်းများကိုလည်း ဖော်ဆောင်နိုင်ခဲ့သည်။ ယင်းသို့သော အောင်မြင်မှုများစွာကို ထွေးပိုက်၍ ၂၀၁၂ခုနှစ်အတွင်းသို့ ချင်းနင်းဝင်ရောက်လာနိုင်ခဲ့ပေပြီ။ ယခုနှစ်တွင်လည်း ဆတက်ထမ်းပိုး တိုးတက်အောင်မြင်မှုများကို ဆောင်ကြဉ်းနိုင်ပေလိမ့်ဦးမည်။ ရရှိလာမည့် အောင်မြင်ဖြစ်ထွန်းမှုများစွာအနက် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းသည်ကား အမိမြန်မာနိုင်ငံအတွက် ၂၀၁၂ ခုနှစ်၏ နှစ်ဦးအောင်ပန်းကို ဆွတ်ခူးဆင်မြန်းပေးနိုင်ခဲ့ခြင်းပင် ဖြစ်ပေတော့သည်။ ။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲခြင်း

နေပြည်တော် ဇန်နဝါရီ ၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၂/၂၀၁၂)ကို ယနေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၂/၂၀၁၂)
၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၁/၂၀၁၁)တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

ကြည်း ၃၂၀၈၄	(အစား)	ကြည်း ၃၃၀၈၄
ဗိုလ်မှူးလင်းထွန်း		ဗိုလ်မှူးတင်ကျော်ဦး

အမိန့်အရ

(ဝင်းကို)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာနိုင်ငံ ပြန်တမ်း

နေပြည်တော် ဇန်နဝါရီ ၆

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

	အမည်၊ လက်ရှိရာထူး၊ဌာန	ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ဌာန
(က)	ဦးခင်မောင်လေး ညွှန်ကြားရေးမှူးချုပ် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
(ခ)	ဦးအောင်မင်း ညွှန်ကြားရေးမှူးချုပ် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
(ဂ)	ဦးကျော်ထူး ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးစိန်လွင်အား ယင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

AFIC Working Committee အစည်းအဝေး တက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၆

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇန်နဝါရီ ၅ ရက်မှ ၇ ရက်အထိ ကျင်းပမည့် (၂၃)ကြိမ်မြောက် AFIC Working Committee အစည်းအဝေးသို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံ AFIC Working Committee အဖွဲ့ဝင် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ တွဲဖက်အထွေထွေအတွင်းရေးမှူး(၃) ဦးဘာဘာချို၊ ပရိဘောဂလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ကိုလတ်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးရဲထက်ဝင်းတို့သည် ယမန်နေ့ နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ အမှုဆောင်အရာရှိ ဦးထင်ကျော်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)** (သတင်းစဉ်)

ပေါင်မြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၆

ပေါင်မြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၁၇ ရက် နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတောင်ဘက်မုခ် မွန်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင် အဘိုး၊ အဘွားများနှင့် ဂုဏ်ထူးရရှိသော သားသမီးများစာရင်းကို ဦးချစ်ဖေ ဖုန်း-၀၉-၄၅၁၈၂၂၀၃၊ ဒေါ်ကွန်းချစ်ချစ် ဖုန်း-၆၆၄၉၂၆၊ ဒေါ်ရင်ဝင်း ဖုန်း-၀၉-၅၁၆၀၈၃၂ နှင့် ဒေါ်ဆင့်ဆင့်ဌေး ဖုန်း-၀၉-၇၃၀၁၂၈၀၃ တို့သို့ ဇန်နဝါရီ ၈ ရက် နောက်ဆုံးထား ပေးပို့နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

၂း၀၅	Regional Handicrafts
၂း၅၀	မုံရွာမြို့သို့အလည်တစ်ခေါက်
၃း၁၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၁၀	ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)၏ မသန်စွမ်းသူများအတွက် Barrier Free
၄း၃၅	ပတ္တမြားမြေမှ ကြည်ညိုသပ္ပာယ်ဖွယ်ရာ တန်ခိုးကြီးစေတီများ
၄း၄၅	ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ထင်ပေါ်မန္တလေးမြို့က ကျောက်စာတော် စေတီတော်
၅း၀၀	အစီအစဉ်ပြီး။

...Cup ဘောလုံးပွဲစဉ်များ

	ပြသမည့်လိုင်း
...ty - Wolves	(Star Sports)
...own - Bolton	(Star Sports)
...n - Blackpool	(ESPN)
... - Aston Villa	(Star Sports)

...ည်။

နိုင်ငံတကာအနုပညာရပ်ဝန်း

ဘာလင်ရုပ်ရှင်ပွဲတော်၌ လာရောက်ပြသရန် ကိုရီးယားစစ်ကား My Way ဖိတ်ကြားခံရ

ကိုရီးယားမင်းသား ဂျန်ဒေါင်ဂန် ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်လှုပ်ရှားထားသည့် ကိုရီးယားစစ်ကား

My Way သည် နောက်လတွင် ကျင်းပမည့် ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် လာရောက်ပြသရန် ဖိတ်ကြားခံခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။

ဘာလင်ရုပ်ရှင်ပွဲတော်ကျင်းပရေးတာဝန်ရှိသူများ၏ ဝက်ဘ်ဆိုက်တွင် ဖေဖော်ဝါရီ ၉ ရက်မှ စ၍ ဂျာမနီနိုင်ငံ ဘာလင်မြို့တော်၌ ၁၀ ရက်ကြာ ကျင်းပမည့် (၆၂)ကြိမ်မြောက် ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် အိုဒါဂီရီနှင့် ဖန်ပင်ပင်းတို့လည်း ပါဝင်သရုပ်ဆောင်ထားသည့် My Way ဇာတ်ကားသည် အခြား ပြည်ပရုပ်ရှင်ကားများကို ကျော်လွန်၍ ဆုများဆွတ်ခူးရရှိနိုင်ကြောင်း ခန့်မှန်းဖော်ပြထားသည်။

ကိုရီးယားဒါရိုက်တာ ကန်ဂျီဂျူး၏ ဟောလိဝုဒ်ရုပ်ရှင်လောကသို့ ထိုးဖောက်သည့် ပထမဆုံးသော လက်ရာမွန်ဖြစ်သည့် My Way ဇာတ်ကားသည် ဒုတိယကမ္ဘာစစ်ကာလအတွင်း အာရှစစ်သားတစ်ဦး ဂျပန်စစ်တပ်၏ ဖမ်းဆီးခြင်းခံရပြီး နောက်ပိုင်းတွင် ဂျာမနီနာဇီများကို ဆက်လက်ရင်ဆိုင်ခဲ့ရပုံများကို ရိုက်ကူးတင်ပြထားသည်။

၎င်းဇာတ်ကားကို ဒီဇင်ဘာ ၂၁ ရက်က တောင်ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့တွင် တစ်ပြိုင်တည်း ရုံတင်ပြသခဲ့ပြီး ပရိသတ် ၁ ဒသမ ၇ သန်းခန့်ကို ဆွဲဆောင်ခဲ့သည်။

ဘာလင်ရုပ်ရှင်ပွဲတော်သို့ အခြားကိုရီးယားရုပ်ရှင်ကားများဖြစ်သည့် From Seoul To Varanasi ဇာတ်ကားနှင့် Punch ဇာတ်ကားတို့သည်လည်း လာရောက်ပြသရန် ဖိတ်ကြားခံခဲ့ရကြောင်း သတင်းတွင် ဖော်ပြထားသည်။ **အင်တာနက်။**

အောဝမ်းစိုး

ဝေါလ်စထရိ(ထ်)ဂျာနယ်၏ ၂၀၁၁ ခုနှစ် အကောင်းဆုံးအာရှရုပ်ရှင် ၁၀ ကား

ကိုရီးယားဒါရိုက်တာ ချောင်ဂျီယောင်း၏ Unbowed ဇာတ်ကားနှင့် ဒါရိုက်တာ လီဂွမ်းဟန်၏ A Reason to Live ဇာတ်ကားတို့သည် ဝေါလ်စထရိ(ထ်) ဂျာနယ်က ရွေးချယ်ဖော်ပြခဲ့သော ၂၀၁၁ ခုနှစ်၏ အကောင်းဆုံးအာရှရုပ်ရှင် ၁၀ ကားစာရင်းတွင် ပါဝင်ခဲ့ကြသည်။

ဝေါလ်စထရိ(ထ်)ဂျာနယ်၏ အကြီးတန်းအယ်ဒီတာ ဒန်းနာပိုလီတာနိုက ၎င်း၏ ဆောင်းပါးတစ်ပုဒ် တွင် Unbowed ဇာတ်ကားနှင့် A Reason to Live ဇာတ်ကားတို့သည် ၂၀၁၁ ခုနှစ်၏ စိတ်ဝင်စားစရာအကောင်းဆုံး၊ အအောင်မြင်ဆုံး အာရှဇာတ်ကားများအဖြစ် မှတ်ချက်ပြုရွေးချယ်ထားကြောင်းသတင်းတွင် ဖော်ပြထားသည်။

အဆိုပါစာရင်းတွင် ပါဝင်သော အခြားဇာတ်ကားများမှာ Busong, Flying Swords of Dragon Gate၊ Inseparable၊ Life၊ Without Principle၊ A Simple Life၊ Warriors of the Rainbow:Seediq Bale၊ You are the Apple of my Eye နှင့် Wu Xia ဇာတ်ကားတို့ဖြစ်ကြသည်။

Unbowed ဇာတ်ကားကို ၂၀၁၁ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် ဘူဆန်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွင် အကြိုမိတ်ဆက်ပြသခဲ့ပြီး ကိုရီးယားနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ဇန်နဝါရီ ၁၉ ရက်တွင် ဖြန့်ချိပြသရန် စီစဉ်ထားသည်။

A Reason to Live ဇာတ်ကားသည် မြန်မာရုပ်ရှင်ချစ်ပရိသတ်များ နှစ်သက်သဘောကျသည့် ကိုရီးယားငွေကြယ်ပွင့် ဆောင်းဟေကျိုက အဓိကဇာတ်ဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ထားသည့်ဇာတ်ကားဖြစ်ပြီး ဆောင်းဟေကျို ပရိသတ်များအနေဖြင့် မင်းသမီးဆောင်းဟေကျိုကို ယခင်ကြည့်ရှုဖူးသည့် ရုပ်သံဇာတ်လမ်းတွဲများမှ စရိုက်သဘာဝများနှင့်မတူ တစ်မူထူးခြားသည့် သရုပ်ဆောင်ဟန်များကို ရှုစားကြရမည်ဖြစ်သည်။

အင်တာနက်။

ပြာသို သို့မဟုတ် အချုပ်အခြာပိုင်သောလ

ဝိသဇ္ဇက(ပဲခူး)

"သကြံန်တန်ခူး၊ နှစ်ဦးညောင်ရေ၊
စာပုလွှေခင်း၊ ပဥ္စင်းတော်ခံ၊
စာရေးတံနှင့်၊ မြစ်ယံပွဲကြီး၊
ဆီမီးထွန်းချိန်၊ ကထိန်နတ်ကျင်း၊
မြင်းခင်းထွက်ဝင်၊ သဘင်မီးပုံး၊
ဂူလုံးသဲပုံ၊ စေ့စုံစီလျှင်၊
ဤသို့ ယှဉ်သား၊ အစဉ်ပြုမြဲ၊
ဆယ့်နှစ်ပွဲတည့်"

ဟူ၍ စာဆိုတော်ကြီး လက်ဝဲသုန္ဒရက သာဓိနပျို့၌ မြန်မာ ဆယ့်နှစ်လရာသီပွဲတော်များကို သီကုံးရေးစပ်ခဲ့၏။

ဆယ့်နှစ်ရာသီပွဲတော်များအနက် မကာရရာသီဖြစ်သော ပြာသိုလတွင် ရှေးမြန်မာမင်းများလက်ထက်က မြင်းခင်း သဘင်ရာသီပွဲဖြစ်ကြောင်းကို သီကုံးဖော်စပ်ခဲ့ခြင်းဖြစ်သည်။

ငွေနှင်းစိုစို လပြာသိုဟု ဆိုရိုးစကားလည်းရှိခဲ့၏။ မီးပူပူကင်မဝသည့် လပြာသိုဆောင်းရာသီဆိုစကားနှင့်အညီ မီးလှုံသော်လည်းမနွေး၊ စောင်ခြုံသော်လည်း မလုံ၊ ခြုံလေ အေးလေဖြစ်လေသည်။ ထို့ကြောင့်ပင် စာဆိုရှင် မယ်ခွေက "မီးပူပူကင် မဝသည့်၊ လပြာသိုဆောင်း၊ တည်ပေါင်းမှ ထောင်ရာ၊ ခြုံလေအေးလေ ကြက်သီးတွေနှင့်"ဟူ၍ စပ်ဆိုခဲ့သည်။ ပြာသိုလ၏ အဆင်းကို "တိမ်ခြေငယ်ရှင်းပါလို့၊ မြူနှင်းငယ်စိုစို၊ လပြာသိုမှာ၊ နွယ်ခွာညိုမြိုင်မြိုင်နှင့်၊ လှိုင်လှိုင် သင်းတဲ့လကိုလေး"ဟု မင်းကြီး မဟာအတုလဓမ္မိကရာဇာက လွမ်းချင်းဖြင့် စာပန်းချီခြယ်သခဲ့သည်။

ပြာသိုလသည် ထက်ကောင်းကင်တွင် မိုးတိမ်ကင်းစင်၏။ စိမ်းမြမြမြက်ခင်းတွင် မြူနှင်းများစိုကာ ခွာညိုတို့သင်းသည့် သာယာသောလရာသီဖြစ်သည့်အလျောက် ထိုရာသီတွင် ရှေးခေတ်ပုဂံသားတို့သည် မီးထွန်းရန် ပျားဖယောင်းများ ကိုသာ အားထားရကြောင်း သမိုင်းသုတေသီများက ဆို၏။ ပျားအုံမှရရှိသော ပျားဖယောင်းများကို ပြာသိုလတွင် မြောက်မြားစွာ ထွက်လေ့ရှိသောကြောင့် ပျားဖယောင်း ရှာဖွေရန် အကောင်းဆုံးလ၏ အမည်ကို အစွဲပြုမှတ်ယူပြီး ပြာသိုလဟု တချို့က ဆိုခဲ့သည်။ အမရကောသအဘိဓာန် ကျမ်းတွင် မကာရရာသီ၌ ဖုဿနက္ခတ်နှင့်ယှဉ်သော လပြည့်နေ့ ကို "ပေါသျှီ"ဟု လည်းကောင်း၊ ရာဇမတ္တံကျမ်းတွင် ပေါသီပြာသိုဟု လည်းကောင်း ဖွင့်ဆိုထား၏။ ထိုသို့ ဖွင့်ဆို ထားချက်များအရ ရှေးခေတ်ရာသီစာဆိုတစ်ဦးက "မာဂဓလို၊ ပေါသီဆို၊ နဂိုရင်းစကား၊ သတ္တိတလုစ်၊ ပြောသီဖြစ်၊ မြန်ခေတ်ပြာသိုထား"ဟူ၍ သံပေါက်စပ်ဆိုထားခဲ့၏။ တချို့ ပညာရှိများက ပရသီတလဟူသောပါဠိမှ မြန်မာဘာသာ ပြာသိုလသို့ ပြောင်းလဲလာသည်ဟု ဆိုကြ၏။

ပြာသိုမကာရ ကြယ်ဖုသျှ၊ ယှဉ်ထတူနှစ်ဖော်ဆိုသော ဗေဒင်အလိုအရ လပြာသိုသည် မကာရရာသီဖြစ်၏။ မကာရ ဆိုသော ပါဠိစကားသည် ရေသတ္တဝါမကန်းရင်ကို ဆိုလိုခြင်း ဖြစ်၏။ ရှေ့ကသမင်နှင့် နောက်တွင် မကန်းရင်းရုပ် သဏ္ဌာန် ရှိသော ရာသီရုပ်ဖြစ်သည်။ ကောင်းကင်တွင် လမင်းသည် ဖုဿနက္ခတ်နှင့် ယှဉ်ပြည့်ကာ ဥတ္တရသဠ်နက္ခတ်နှင့် နေမင်းတို့ ယှဉ်ကြ၏။ ပုစွန်တာရာထွန်းပသောလဖြစ်၏။ ပြာသိုလသည် ရက်ပေါင်း ၃၀ ရှိ၏။ နေ့ဝါဆို၊ ညပြာသို ဆိုစကားနှင့်အညီ နေ့တာအတိုဆုံးနှင့် ညတာအရှည်ဆုံးသောလဖြစ်သည်။ နာရီအားဖြင့် နေ့ ၂၄ နာရီ၊ ညဥ့် ၃၆ နာရီရှိ၏။ ရက်မြတ် ရာဇာမှာ ကြာသပတေးနေ့နှင့် စနေနေ့တို့ဖြစ်၏။ ရက်ညံ့ ပြဿဒါးသည် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့ဖြစ်ကြ၏။ ဆောင်းဥတု၏ အလယ်လဖြစ်သည်။

မြန်မာပြည်ရာသီဥတု၊ မြန်မာတို့၏ တစ်ဆယ့်နှစ်လ သည် တစ်လနှင့်တစ်လ မိုးရွာသွန်းပုံမတူညီ ကွဲပြားခြားနား ၏။ ကွဲပြားခြားနားသည့်အလျောက် "ပြာသိုအတွင်း၊ မိုးညင်းညင်း ဆီးနှင်းရောယှက်၊ နှမ်းထောင်ပျက်" ဟူ၍ ရှေးကပညာရှိများက သီးနှံစိုက်သူတို့အား သတိပေးခဲ့သည်။

အချမ်းပိုသောလပြာသိုအခါတွင် ပွင့်လေ့ရှိသော ပန်းနှင့် ကျင်းပလေ့ရှိသောပွဲတော်မှာ "ပြာသိုမှာ ဖြာစိုနှင်းရယ် နှင့် ခါအလို ခွာညိုသင်းပါဘိ၊ မြင်းတော်မြတ်သဘင်မှာ၊ ပျော်ရွှင်ကြပြည်လုံး"ဟု ရှေးကဗျာလာသည့်အတိုင်း ခွာညိုပန်း နှင့် မြင်းခင်းသဘင်ပွဲတော်တို့ဖြစ်၏။ မြင်းခင်းသဘင်ဆိုသည် မှာ မြင်းကို ပဓာနပြုသောအားဖြင့် မြင်းခင်းသဘင်ဟု ဆိုခြင်း ဖြစ်၏။ မြင်းခင်းသဘင်တွင် မြင်းသည် မြန်မာ့ဘိုးဘွားအစဉ် အဆက် အနေမစိမ်းခဲ့သော သတ္တဝါဖြစ်နေခဲ့သည်။ မြင်းစီး အတတ်ကိုလည်း အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက် အပ်သော ပညာရပ်တစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။ မြန်မာမှု နယ်ပယ်တွင် ရတနာတစ်ပါးအဖြစ် တန်ဆာဆင်အပ်သော အဆင်တန်ဆာဖြစ်၏။ ရှေးခေတ်က စစ်တိုက်ရာတွင် မြင်းစီး၊ ဆင်စီးကျွမ်းကျင်ရန် အထူးလိုအပ်သည်။ မြင်းစီးကျွမ်းကျင်မှု သည် မင်းညီမင်းသား၊ စစ်သည်ရဲမက်များအတွက် လိုအပ် သော အရည်အချင်းတစ်ခုပင်ဖြစ်၏။ မြင်းခင်းသဘင်ပွဲတစ်ခု တည်းကျင်းပကြခြင်းမဟုတ်ပါ။ ဆင်ဖမ်းပွဲ၊ လေးစမ်းပွဲ၊ သိုင်းစွမ်းရည်ပြိုင်ပွဲနှင့် ဗလီခတ်ကစားနည်းများကိုလည်း ကျင်းပပြုလုပ်ကြကြောင်း မှတ်တမ်းများရှိခဲ့သည်။

ဤသို့ဖြင့် ရှေးအခါက ပြာသိုလ၏ ရာသီပွဲအဖြစ် မင်းအဆက်ဆက်က ပြုလုပ်လာခဲ့သည်။ စနေမင်း၊ တနင်္ဂနွေ မင်း၊ ဟံသာဝတီပါမင်းသုံးဆက်တိုင်တိုင် အမှုထမ်းခဲ့သော အင်ရုံဝန်ကြီးက အင်းဝခေတ်မြင်းခင်းသဘင် အစီအစဉ်ကို လောကဗျူဟာကျမ်းတွင် မှတ်တမ်းတင်ခဲ့၏။

ယင်းပွဲတော်သည် လူ၏ စွမ်းရည်ပြသက်သက် မဟုတ်ဘဲ မြင်း၏ မျိုးကောင်း မျိုးသန့်အရည်အချင်းကို ပြသခြင်းလည်းဖြစ်၏။ မြင်းစီးကျွမ်းကျင်ခြင်းဖြင့် သွားလာရေး၊ သယ်ယူပို့ဆောင်ရေးပါ လွယ်ကူစေသည်။ လူ၏ ကျန်းမာရေး အတွက်ပါ အထောက်အကူပြုပေးမည်ဖြစ်၏။ မြင်း၏ ခန္ဓာကိုယ်ပြင်ပလှုပ်ရှားမှုမှ လူ၏ခန္ဓာကိုယ်တွင်းကိုယ်ပ ကျန်းမာရေးကို ရရှိစေမည်ဖြစ်သည်။ ထိုမြင်းခင်းစွမ်းရည် ပြိုင်ပွဲသည် ကုန်းဘောင်ခေတ်တိုင်အောင် အထူးထင်ရှား လာခဲ့၏။ ရှေးအစဉ်အလာမပျက် ကျင်းပခဲ့ကြသော ရာသီပွဲ များအနက် ချမ်းအေးသော ပြာသိုလ၏ မြင်းခင်းသဘင် သည် မြန်မာ့ယဉ်ကျေးမှုအသွင်၊ မြန်မာတို့၏ အမြင်တွင် သူရဲကောင်းမျိုးစုံရွှေးပွဲဟု ဆိုနိုင်သော ပွဲတော်တစ်ခု ဖြစ်သည်။ ဆယ့်နှစ်ရာသီတစ်ခွင်တွင် ပါဝင်သော ပြာသိုလ ၏ ပွဲတော်ဖြစ်ကြောင်းကို သီကုံးရေးဖွဲ့လိုက်ရပါ၏။

ဤပြာသိုလတွင် မြင်းခင်းသဘင်ပွဲဟုဆိုအပ်သော သူရဲကောင်းတို့၏ သတ္တိဗျတ္တိပြပွဲများနှင့် သဘောချင်းညီ၍ အသွင်ခြားသော စစ်သွေးစစ်မာန်၊ သခင်သွေးသခင်မာန် စိတ်ဓာတ်ဖြင့် **"ကျွားကိုခလုတ်၊ သစ်ငုတ်သင်ဖြူး၊ ဆူးကို မွေ့ရာ"** သဘောထားကာ မြင်းခွာသံ၊ ဓားခုတ်သံ၊ လှံထိုးသံ တညံညံဖြင့် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲများကို လှုပ်ရှားခဲ့ကြ၏။

"သာကီမျိုးဟေ့-တို့ဗမာ
ရှေးစဉ်လာက-ကိုယ့်မင်းကိုယ့်ချင်း
ဖိနှိပ်ခြင်းကို-တို့မခံ
တို့နိုင်ငံဟာ-တို့ဖို့ပါပဲ
လွတ်လပ်ရေးကို-ရ,ရမည်
စိတ်တူကိုယ်ညီ-ပြုကြပြုကြ"။

စသော ကြွေးကြော်သံများဖြင့် နယ်ချဲ့နှင့် ဖက်ဆစ်ဝါဒီ များကို သတ္တိရောဗျတ္တိပါပြကာ တော်လှန်ခဲ့ကြ၏။ ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၄း၂၀ နာရီအချိန်က ဘုရင်ခံအိမ်တော်တွင် နှစ်ပေါင်းတစ်ရာကျော် တိုင်အောင် တိုင်ထိပ်ဖျားမှာ တလွင့်လွင့်လူနေသော အင်္ဂလိပ် တို့၏ ယူနီယံဂျက်အလံကိုချခဲ့သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံသည် တိုင်ထိပ်သို့ တက်လာခဲ့၏။ အချုပ်အခြာအာဏာပိုင်ဆိုင်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အဖြစ်သို့ ရောက်ရှိခဲ့သောအခါသည် ပြာသိုလတွင် ဖြစ်ပါ၏။

ဤပြာသိုလသည် ဖုဿနက္ခတ်သည်လည်း ထွန်းပ၏။ ငွေနှင်းမှုန်သည်လည်း အေးမြ၏။ ခွာညိုပန်းသည်လည်း သင်းလှိုင်၏။ ဖုဿနက္ခတ်၊ ငွေနှင်းမှုန်မှုန်၊ ခွာညိုပန်းတို့နှင့် အတူ လွတ်လပ်သော နိုင်ငံတော်သားတို့သည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်များ ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးထူထောင်ရာတွင် မိမိတို့၏ စွမ်းအားဖြင့် စောင့်ရှောက်ပါဝင်ပါမည်ဟု အဓိဋ္ဌာန်ပြုကြရမည့် ပြာသို သို့မဟုတ် အချုပ်အခြာအာဏာပိုင် လွတ်လပ်ရေးရသော လမြတ်ဖြစ်လေသတည်း။ ။

ပျော်ဘွယ်မြို့ ၂၀၁၀ - ၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ပျော်ဘွယ်မြို့ အမေထိန်းခန်းမ၌ ကျင်းပရာ ဦးသန်းလွင် - ဒေါ်မြမြအေး၊ သားမောင်ဟိန်းထက်စိုး(ညီညီ အဆင့်မြင့်မွေးမြူရေးအစာ ထုတ်လုပ်ဖြန့်ချီရေး) မိသားစုက ငါးဘာသာဂုဏ်ထူးရှင်တစ်ဦးအား ရွှေဆွဲပြားဆုချီးမြှင့်စဉ်။

(ပညာရေး)

ပြည်တွင်း ပြည်ပ အားကစားသတင်းများ

ပြည်တွင်း ပြည်ပ အားကစားသတင်းများ

လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ပြည်ထောင်စုလမ်းရှိ ရန်ကုန်မြင်းစီးအသင်း၌ ကျင်းပသည်။(အပေါ်ပုံ)

ပြိုင်ပွဲအပြီးတွင် DRESSAGE ပြိုင်ပွဲ၌ ပထမ မေဦး(မြင်း-ချစ်စနိုး)၊ ဒုတိယ ထွန်းလင်းအောင် (မြင်း-ချော့ကလက်)၊ တတိယ MISS Stella (မြင်း-ရာဇာ)၊ BARRAL RACE ပြိုင်ပွဲ၌ ပထမ နန္ဒာ (မြင်း-ဘယ်လာ)၊ ဒုတိယ ကျော်ထက် (မြင်း-အလိမ္မာ)၊ တတိယ မေဦး(မြင်း-ချစ်စနိုး)၊ မြင်းစီးစက်ထိုးပြိုင်ပွဲ၌ ပထမ ဝင်းထွန်း(မြင်း-စလင်း)၊ ဒုတိယ စိုးထက်အောင်(မြင်း-စကွင်းမ)၊ တတိယ ဇော်ဝင်းထွေး(မြင်း-ဖိုးချစ်)၊ ကုန်းနီးမဲ့ ဒုန်းပြိုင်ပွဲ၌ ပထမ သိန်းထိုက်စံ (မြင်း-စိန်ဘယက်)၊ ဒုတိယ ထွန်းလင်းအောင်(မြင်း-ရို့စ်)၊ တတိယ တင်ထွန်း(မြင်း-စိန်မမ)၊ SHOW JUMPING ပြိုင်ပွဲ၌ ပထမ ရဲမင်းဦး (မြင်း-မာယာ)၊ ဒုတိယ အောင်ကျော် (မြင်း-မြနှင်းဆီ)၊ တတိယ မွေးကို(မြင်း-ရန်ကြီးအောင်)တို့ ရရှိကြပြီး ဆုများကို တာဝန်ရှိသူတို့က ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အက်ဖ်အေဖလား တတိယအဆင့် မန်ချက်စတာဒါဘီပွဲတွင် ယမန်နှစ်ကလို ရှုန်းရင်းဆန်ခတ်မဖြစ်စေရန် လုံခြုံရေးကြပ်မတ်မည်

မန်ချက်စတာ ဇန်နဝါရီ ၆

လာမည့် ဇန်နဝါရီ ၈ ရက်တွင် အက်ဖ်အေဖလား တတိယအဆင့်ပြိုင်ပွဲယှဉ်ပြိုင်ရမည့် မန်ချက်စတာ မြို့ခံပြိုင်ဘက်နှစ်သင်း ဖြစ်သည့် မန်ယူနှင့် မန်စီးတီးတို့ပွဲကို လုံခြုံရေးအထူးကြပ်မတ်မည်ဖြစ်ကြောင်း မန်ချက်စတာအထူးရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ယမန်နှစ် အောက်တိုဘာလအတွင်းက မန်ယူ၏အိမ်ကွင်း အိုးထရက်ဖို့ဒ်တွင် မန်စီးတီးအသင်း လာရောက်ကစားခဲ့သည့် ပွဲစဉ်အတွင်း ရှုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့သဖြင့် အရာရှိတစ်ဦး မျက်စိတစ်ဖက် ဆုံးရှုံးခဲ့ရသည်။

ယခုလက်ရှိအချိန်တွင် မန်ချက်စတာနှစ်သင်းလုံးသည် ပရီမီယာလိဂ်ဆုဖလားအတွက် အပြင်းအထန် ကြိုးပမ်းနေကြသည်။ ထို့ပြင် ယခုနှစ် အောက်တိုဘာ ၂၃ ရက်က မန်ယူကွင်းတွင် မန်စီးတီးက ဂိုးဒါဇင်ဝက် သွင်းယူပြီး မန်ယူ၏ သမိုင်းကို ပြောင်းပြန်လှန်ခဲ့သည်။ ယင်းအပြင် မန်စီးတီးအသင်းသည် ယမန်နှစ် ဘောလုံးရာသီ အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်တွင်လည်း မန်ယူအသင်းကို နောက်ကောက်ချနိုင်ခဲ့သည်။

မန်ယူအသင်းကလည်း ယခုနှစ် ဘောလုံးရာသီအစ ကွန်မြူနတီဒိုင်း ပြိုင်ပွဲတွင် မန်စီးတီးအသင်းကို အနိုင်ယူကာ ဆုဖလားကို ရယူသွားခဲ့သည်။

မန်ချက်စတာဒါဘီ ပွဲစဉ်တိုင်းတွင် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး ပရိသတ်များ၏ ဖိအားပေးမှုများကြောင့် မြို့ခံပြိုင်ဘက်နှစ်သင်းဆုံတွေ့တိုင်း ပဋိပက္ခအမြဲဖြစ်ပွားခဲ့သည်။ ထို့ကြောင့် လာမည့် ဇန်နဝါရီ ၈ ရက်တွင် ယှဉ်ပြိုင်ရမည့် မန်ချက်စတာဒါဘီပွဲတွင် အလားတူ ပြဿနာများ ထပ်မံမပေါ်ပေါက်စေရန် ရဲတပ်ဖွဲ့က အရေးတကြီး ပြင်ဆင်မှုတွေ ပြုလုပ်နေရသည်။

ယင်းသို့ ပြင်ဆင်မှုအနေဖြင့် အဆိုပါ ပွဲစဉ်သို့ လာရောက်အားပေးမည့် ပရိသတ်များကို ကွင်းအတွင်း အရက်သေစာ သောက်သုံးမှုကို တားမြစ်မည်ဖြစ်ကြောင်း၊ ဒေသအတွင်းရှိ အရက်ဘားများကိုလည်း အဆိုပါနေ့တွင် ပိတ်ထားမည်ဖြစ်ကြောင်း၊ ထို့ပြင် ပွဲစဉ်ပြီးဆုံးသွားခဲ့လျှင်လည်း ပရိသတ်များကို ကန့်သတ်ပြီး စနစ်တကျ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာစေမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

သို့ဖြစ်၍ လာမည့် အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်တွင် ဝါရင့်သမ္ဘာရင့်နည်းပြကြီး ဖာဂူဆန်က ရှုံးကြွေးကို ပြန်ဆပ်မည်လား၊ သို့မဟုတ် မန်စီးတီးနည်းပြ မန်စီနီက မန်ယူ၏ သမိုင်းကို ထပ်မံချိုးဖျက်မည်လား ဆိုသည်ကို စောင့်ကြည့်ရဦးမည်ဖြစ်သည်။ ***အင်တာနက်။***

အိန္ဒိယစီးကရက်ဘူးခွံပေါ်တွင် တယ်ရီနှင့်ဆင်တူသော ရုပ်ပုံပါဝင်နေ ဂျွန်တယ်ရီအတွက် နောက်တစ်မှုတိုးလာ

လန်ဒန် ဇန်နဝါရီ ၆

ကွင်းအတွင်း ပဋိပက္ခများကို ဖြေရှင်း၍ မပြီးနိုင်သေးသည့် ချယ်လ်ဆီးအသင်း ခေါင်းဆောင် ဂျွန်တယ်ရီအတွက် နောက်ထပ် ဂုဏ်သိက္ခာကျဆင်းစေမည့် ပြဿနာတစ်ခု ထပ်မံပေါ်ပေါက်လာခဲ့ပြန်သည်။ ယင်းမှာ အိန္ဒိယနိုင်ငံအတွင်းရှိ စီးကရက်ဘူးခွံများပေါ်တွင် ဂျွန်တယ်ရီနှင့် အတော်အတန်ဆင်တူသော ရုပ်ပုံတစ်ခုမှာ ဆေးလိပ်သတိပေးတားမြစ်ချက်စာတန်းပေါ်တွင် ပါရှိနေသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ တယ်ရီ၏ ကိုယ်စားလှယ်များက စုံစမ်းစစ်ဆေးမှု ပြုလုပ်နေပြီး မည်သူမည်ဝါ၏ လက်ချက်ဖြစ်သည်ကို ဖော်ထုတ်နိုင်ရန် ကြိုးပမ်းနေကြသည်။

သို့သော် အဆိုပါရုပ်ပုံမှာ ဂျွန်တယ်ရီနှင့် ဆင်တူသော်လည်း အလုံးစုံတူနေသည်တော့ မဟုတ်ပေ။ သို့သော်ငြားလည်း ပြဿနာပေါင်းစုံရင်ဆိုင်နေရသည့် ဂျွန်တယ်ရီအတွက်မူ ဂုဏ်သိက္ခာကျဆင်းစေခဲ့သည်။ ***အင်တာနက်။***

အဲဗာတန်ဂိုးသမား တင်ဟောင်းဝတ်ဒ် ၉၂ ကိုက်အကွာမှ ဂိုးသွင်းပြီး စံချိန်သစ်တင်

လန်ဒန် ဇန်နဝါရီ ၆

အဲဗာတန်ဂိုးသမား တင်ဟောင်းဝတ်ဒ်သည် ၉၂ ကိုက်အကွာအဝေးမှ ဂိုးသွင်းယူကာ ပရီမီယာလိဂ် ဘောလုံးလောကတွင် အဝေးဆုံးဂိုးအဖြစ် စံချိန်သစ်တင်နိုင်ခဲ့သည်။

ဟောင်းဝတ်ဒ်သည် အဆိုပါဂိုးကို ပြီးခဲ့သည့် ရက်အနည်းက ကစားခဲ့သော ဘော်လ်တန်နှင့် ပွဲစဉ်အတွင်း အမှတ်မထင် ကန်သွင်းခဲ့ခြင်းဖြစ်သည်။ သို့သော် ပွဲချိန် ၆၃ မိနစ်တွင် အပြောင်မြောက်ဆုံးဂိုးကို ဟောင်းဝတ်ဒ်က သွင်းယူခဲ့သော်လည်း ယင်းပွဲစဉ်တွင် ဘော်လ်တန်အား ၂-၁ ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရ၍ ၎င်းမှာ အပြည့်အဝ ပျော်ရွှင်ခွင့် မရရှိခဲ့ပေ။ ***အင်တာနက်။***

ဟိန်းထက်လင်း

ကျေးလက်တောင်သူများ ရေမြေသဘာဝနှင့်ကိုက်ညီသော သစ်သီးဝလံများစိုက်ပျိုး စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရေး မျိုးကောင်းမျိုးသန့်သုံးစွဲ

ဒေသအလိုက် မိသားစုတစ်စုချင်းစီမှ တစ်နယ်လုံးဖွံ့ဖြိုးတိုးတက်လာမည်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံမြို့နယ်မှ လေ့လာရေး တောင်သူတစ်ဦးအား ပုလဲသွယ် အရည်အသွေးကောင်း ဆန်နမူနာများ ပေးအပ်စဉ်။

(သတင်းစဉ်)

နေပြည်တော်　　　ဇန်နဝါရီ　　၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအုပ်စုရှိ ညောင်ဝိုင်း၊ သစ်ယာကုန်း၊ လွယ်ယင်း၊ မင်္ဂလာ၊ မြို့မ၊ ဟဲကွီ၊ လယ်ထွန်၊ ဝါရီဆူ၊ ပလိုင်၊ ဆီမီးလောကျေးရွာတို့မှ လေ့လာရေးကယန်းတိုင်းရင်းသား တောင်သူ ၅၄ ဦးအား ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုရှိ တောင်သူပညာပေး စက်မှုလယ်ယာစနစ် ဧက ၅၀၀ စိုက်ကွင်း၌တွေ့ဆုံပြီး ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါး မျိုးစေ့ အဆင့်ဆင့်ထုတ်လုပ်ခြင်း၊ စိုက်ပျိုးခြင်းများကိုရှင်းလင်းပြသသည်။

ထိုသို့ တွေ့ဆုံစဉ် ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များက ဖယ်ခုံမြို့နယ် မိုးဗြဲအုပ်စုတွင် စံပြစိုက်ပျိုးနိုင်ရန် ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့ ၁၀ ဧကစာကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပုလဲသွယ် အရည်အသွေးကောင်း ဆန်နမူနာများကို လည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် သန့်စင်စက်ဖြင့် ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့ အဆင့်ဆင့်သန့်စင်မှု၊ ဖြန့်ဖြူးရန်ထုပ်ပိုးမှု၊ လယ်ယာသုံးစက်ကိရိယာ လက်တွန်းထွန်စက်များ၊ ကောက်စိုက်စက်များနှင့် စက်မှုဝန်ကြီးဌာနက တပ်ဆင်သည့် ခေတ်မီအဆင့်မြင့် ရိတ်သိမ်းခြွေလှေ့စက်များကို လည်းကောင်း၊ ၁၂ ရက်သားသက်တမ်းရှိ ပုလဲသွယ်ဖိလစ်ပိုင်စပ်မျိုးစပါး စမ်းသပ်စိုက်ကွင်းနှင့် ၃၆ ရက်သားရှိ ပုလဲသွယ်ဗီယက်နမ်စပ်မျိုးစပါးတို့၏ အောင်မြင်ဖြစ်ထွန်းနေမှုများကို လည်းကောင်း၊ Green House အတွင်း သိပ္ပံနည်းကျစိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်၊ ပန်းအလှပင်မျိုးစုံ၊ သစ်ခွမျိုးကွဲများနှင့် သက်တမ်းခုနစ်လသားရှိ ပျမ်းမျှတစ်ဧကတန် ၆၀ ထွက်ရှိမည့် အထူးအထွက်တိုး မျိုးသန့်မျိုးပွားကြံစိုက်ခင်းတို့ကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ တောင်သူပညာပေး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်း၌ ဖြစ်ထွန်းအောင်မြင်နေသော ဘူး၊ ဖရုံ၊ ဖရဲ၊ သခွား၊ ငရုတ်အမျိုးမျိုး၊ ဆလတ်အမျိုးမျိုး၊ မုန်ညင်း၊ မုန်လာအမျိုးမျိုး၊ ကိုက်လန်၊ ဆူကာနီ၊ ကန်စွန်း စသော သီးနှံအမယ်စုံ ၃၅ မျိုးကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် စိုက်ခင်းရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသရှိ တောင်သူလယ်သမားများအား ရေမြေသဘာဝနှင့် ကိုက်ညီသော ဟင်းသီးဟင်းရွက် သစ်သီးဝလံများစိုက်ပျိုးပြီး အပိုဝင်ငွေရရှိစေရန် တောင်သူပညာပေး လက်တွေ့စိုက်ပျိုးပြသခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် မျိုးကောင်းမျိုးသန့် ပြောင်းလဲသုံးစွဲခြင်း၊ သိပ္ပံနည်းကျစိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများ ထည့်သွင်းသုံးစွဲခြင်း၊ ရိတ်သိမ်းချိန်တွင် အလေအလွင့်နည်းပါးစေရန် ဂရုပြုရိတ်သိမ်းခြင်းနှင့် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြုခြင်း စသည်တို့ ဆောင်ရွက်ရန်လိုကြောင်း၊ လေ့လာရေးခရီးမှရရှိသည့် အတွေ့အကြုံများကို ကိုယ်တိုင်တစ်ဦးချင်း **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

ယ နေ့ သ တ င် း အ ညွှ န် း

ပြည်တွင်း အလုပ်မွေးငါးမျိုးများ ရာသီမရွေး ပမာဏများစွာ တင်ပို့နိုင်မှ အလားအလာကောင်းမည်

ပြည်တွင်းသတင်း စာမျက်နှာ ၆

ဝေါလ်စထရိ(ထ်) ဂျာနယ်၏ အကောင်းဆုံးအာရှရုပ်ရှင် ၁၀ ကား

အနုပညာသတင်း စာမျက်နှာ ၉

ဂျွန်တယ်ရီအတွက် နောက်တစ်မှုတိုးလာ

အားကစားသတင်း စာမျက်နှာ ၁၀

အစ္စရေးတွင် အမေရိကန်တပ်ဖွဲ့များ ဖြန့်ကြက်ထားမည်ဟုဆို

နိုင်ငံတကာသတင်း စာမျက်နှာ ၄

တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးပိုငွေ ၁၂ ဒသမ ၆ ရာခိုင်နှုန်းကျဆင်း

နိုင်ငံတကာသတင်း စာမျက်နှာ ၄

အသက်တစ်လကျော်ရှိ ဆင်ဖြူတော်ရတနာငယ် ကျန်းမာပျော်ရွှင်စွာရှိနေ

ဆင်ဖြူတော်ရတနာမိခင်နှင့် ဆင်ဖြူတော်ရတနာငယ်တို့ကို အနီးကပ်ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော်　　　ဇန်နဝါရီ　　　၆

နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဝတ္ထုကံမြေ ရတနာဆင်ဖြူတော်ဆောင်၌ နိုဝင်ဘာ ၂၇ ရက်တွင် ဖွားမြင်ခဲ့သော ဆင်ဖြူတော်ရတနာအမငယ်လေးသည် အသက်တစ်လကျော်ရှိလာကာ သူ၏မိခင် ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီနှင့် ကျန်းမာပျော်ရွှင်စွာ ရှိနေသည်။

ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီမှ ဖွားမြင်ခဲ့သော အသက်တစ်လကျော်ရှိ ဆင်ဖြူတော်ရတနာအမငယ်လေးကို တွေ့ရစဉ်။ (သတင်းစဉ်)

အဆိုပါ ဆင်ဖြူတော်ရတနာသည် ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီမှ ထူးထူးခြားခြား ဆင်ဖြူတော်ကြန်အင်လက္ခဏာများဖြင့် ဖွားမြင်လာသော ဆင်ဖြူတော်ငယ်ဖြစ်ပြီး ဆင်ဖြူတော်တွင်ရှိအပ်သော ကြန်အင်လက္ခဏာများဖြစ်သည့် မျက်လုံး(ပုလဲရောင်)၊ အသားအရေ ဩဇာခံ့ (ပန်းရောင်)၊ အမွေးအမှင် (အဖြူရောင်)၊ အမြီး (တံခါးပိတ်)၊ နားရွက် (ကြေးစည်ပုံ)၊ ကျောမှာ (ငှက်ပျောကိုင်း)တို့ဖြင့် ထင်ရှားပီပြင်စွာ မွေးဖွားခဲ့ကာ မွေးဖွားစဉ် အမြင့် သုံးပေ တစ်လက်မနှင့် ကိုယ်ထည်လုံးပတ်လေးပေ တစ်လက်မရှိခဲ့ရာမှ ယခုအခါ အမြင့် သုံးပေ နှစ်လက်မနှင့် ကိုယ်ထည်လုံးပတ် လေးပေ ခြောက်လက်မရှိလာပြီဖြစ်ကြောင်း သိရသည်။

ပိုမိုတင့်တယ်စေ

ဆင်ဖြူတော်ကြန်အင်လက္ခဏာများပြည့်စုံသည့် ဆင်ဖြူတော်ရတနာငယ်သည် ယခုအခါ မိခင်နို့ကို ကောင်းစွာရရှိသောက်သုံးပြီး ခန္ဓာကိုယ်မှာ ပြည့်ဖြိုးလျက်ရှိသည်။ဆင်ဖြူတော်လေးသည် လာရောက်ကြည့်ရှုသည့် ဧည့်သည်များအား ယဉ်ပါးစွာချဉ်းကပ်ခြင်း၊ ဆင်ဖြူတော်ထိန်းများနှင့် ဘောလုံးကစားခြင်း၊ ခေါ်လျှင်လာတတ်ခြင်း စသည့် ချစ်စဖွယ် အမူအကျင့်ကောင်းများရှိခြင်းတို့ကြောင့် ဆင်ဖြူတော်ရတနာဥယျာဉ်၏ ပသာဒကို ပိုမိုတင့်တယ်စေလျက်ရှိသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ဆင်ဖြူတော်ရတနာမိခင်နှင့် ဆင်ဖြူတော်ရတနာငယ်တို့၏ ကျန်းမာရေးကို နေ့စဉ် အနီးကပ်ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)